မြဝတီ နေ့စဉ်

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၃၇)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
၂၀၂၆ ခုနှစ်၊ မေ ၂၅ ရက်၊ တနလာ်နေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည်အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅.၅.၂၀၂၆ ရက်နေ့မှ
၃၁.၅.၂၀၂၆ ရက်နေ့ထိ)

“နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့”

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမင်းနောင်၊ ဦးထိန်လင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရွှေမြို့မွေးမြူရေးဇုန်

ဦးစွာ နိုင်ငံတော်သမ္မတသည် နေပြည်တော်ကောင်စီနယ်မြေ၊ ရွှေမြို့မွေးမြူရေးဇုန်အတွင်းရှိ Sunlight Venture Co., Ltd. ၏ ဆိတ်မွေးမြူရေးခြံသို့ရောက်ရှိစစ်ဆေးရာ လုပ်ငန်းရှင် ဦးမြတ်မင်းလတ်က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ အစာကျွေးမွေးမှုစနစ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို **စာမျက်နှာ ၁၆ ကော်လံ ၁** ★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ၊ ရွှေမြို့မွေးမြူရေးဇုန်အတွင်းရှိ Sunlight Venture Co., Ltd. ၏ ဆိတ်မွေးမြူရေးခြံအား ကြည့်ရှုစစ်ဆေးစဉ်။



အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၂၅ ရက်)

ကျောင်းများဥပဓိရုပ်ကောင်းမွန်ခြင်းနှင့် ကျောင်းနေပျော်ရေး

မြန်မာနိုင်ငံတွင် နှစ်စဉ်ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေလ ၂၅ ရက်မှ ၃၁ ရက်နေ့အထိ သတ်မှတ်ကာ ကျောင်းအပ်နှံခြင်းလက်ခံလျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများအားလုံး ကျောင်းအပ်နှံမှုကိစ္စပြီးမြောက်သည်နှင့် ဇွန်လ ၁ ရက်နေ့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများအားလုံး တစ်ပြိုင်တည်းဖွင့်လှစ်မည်ဖြစ်သည်။ ပညာရေးသည် နိုင်ငံ့အနာဂတ်ကို ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည့်အတွက် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”ဟူသော ဆောင်ပုဒ်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍနှင့်ပတ်သက်လာလျှင် လိုအပ်ချက်အားလုံးပြည့်ဝအောင်ဖြည့်ဆည်းပေးလျက်ရှိသည်။

ကျောင်းသား၊ ကျောင်းသူများ မိမိတို့ကျောင်းကိုချစ်မြတ်နိုးပြီး ဂုဏ်ယူစေနိုင်ရေးအတွက် ကျောင်းများ၏ဥပဓိရုပ်ကောင်းမွန်ရေးကို တည်ဆောက်ပေးထားသည်။ ကျောင်းအဆောက်အအုံကို မြင်လိုက်သည်နှင့် ခံ့ခံ့ညားညားထည်ထည်ဝါဝါတွေ့မြင်လိုက်ရခြင်းမှာ ကျောင်းသား၊ ကျောင်းသူတို့၏စိတ်တွင် အလွန်ထည်ဝါခံ့ညားလှသောကျောင်းတော်ကြီးဟူသည့် စိတ်ကိုဖြစ်စေသည်။ ကျောင်းအတွင်းအရိပ်ရပင်များကို မြင်တွေ့ရခြင်းဖြင့် ရင်ကိုအေးမြစေသည်။ ကျောင်းပတ်ဝန်းကျင်တစ်ခုလုံးသန့်ရှင်းပြီး မြက်ပင်များထူထပ်ခြင်းမရှိအောင် ဆောင်ရွက်ထားခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူတို့အတွက် ကျန်းမာရေးကောင်းမွန်စေသည်။ ချုံပုတ်များ၊ အမှိုက်များထူထပ်ပြီး ရေများအိုင်နေမည်ဆိုလျှင် ခြင်များပေါက်ပွားလာပြီး သွေးလွန်တုပ်ကွေးကို ဖိတ်ခေါ်သကဲ့သို့ဖြစ်စေမည်။

ထိုသို့မဖြစ်စေရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ပြည်သူများအနေဖြင့် အပတ်စဉ်စနေနေ့တိုင်းတွင် လုပ်အားပေးဆောင်ရွက်ကြသည်။ လူအများစုပေါင်းကာ သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းကြောင့် ကျောင်းများအားလုံးသန့်ရှင်းလှပနေသည်။ လူတိုင်းသည် နေ့စဉ်အဝတ်အစားများကိုလှပအောင် ဝတ်ဆင်သွားလာကြခြင်းအားဖြင့် မိမိတို့စိတ်ကိုပေါ့ပါးလန်းဆန်းစေသည်။ ပတ်ဝန်းကျင်အမြင်လည်း တင့်တယ်စေသည်။ ကျောင်းများဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေးကိုဆောင်ရွက်ပေးထားခြင်းမှာ နေ့စဉ်အဝတ်အစားကိုလှပအောင် ဝတ်ဆင်သကဲ့သို့ဖြစ်ပေသည်။ ဤအလှအပမြင်ကွင်းများမှတစ်ဆင့် ကျောင်းသား၊ ကျောင်းသူတို့၏စိတ်တွင် မိမိတို့ကျောင်းအပေါ် ချစ်ခင်မြတ်နိုးစိတ်၊ တန်ဖိုးထားစိတ်များဖြစ်ပေါ်ကာ ကျောင်းနေပျော်ကြမည်ဖြစ်သည်။

လူဆိုသည်မှာ အလှအပ၊ အယဉ်အကြော့၊ အခံ့အသန့်ကို မြင်တတ်ကြားတတ်ကြိုက်တတ်သောစိတ်ရှိသည်။ ဖန်တီးလိုသောစိတ်လည်းရှိသည်။ “ကြင်တတ်မှ ရသတဲ့၊ ဆင်တတ်မှလှသတဲ့”ဆိုစကားအတိုင်း ကျောင်းများ၏ဥပဓိရုပ်ကောင်းမွန်ရေး ပြင်ဆင်ပေးထားသည်မှာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသည်။ ကျောင်းတွင် ပရိဘောဂများကလည်း ခေတ်နှင့်အညီ ခေတ်မီစွာထည့်သွင်းပေးထားသည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လှပ၍မြတ်နိုးဖွယ်ကောင်းလှသည့် ကျောင်းတော်ကြီးတွင် အေးချမ်းပျော်ရွှင်စွာ ပညာကိုတတ်မြောက်အောင် သင်ယူကြရတော့မည်ဖြစ်သည်။

နိုင်ငံတော်ကိုတည်ဆောက်ရာတွင် ပညာရေးသည် မရှိမဖြစ်လိုအပ်သည့် “အခြေခံအုတ်မြစ်တစ်ခု”ဖြစ်သည်။ ပိုမိုကောင်းမွန်ခိုင်မာသည့် လူနေမှုစနစ်ကို ပညာရေးဖြင့်ဖော်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးအဆင့်မြှင့်တင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၏သွင်ပြင်လက္ခဏာများ ကောင်းမွန်စေရေး၊ စာကြည့်တိုက်များ၊ သုတေသနဌာနများ၊ အားကစားခန်းမများအပြင် အခြားသောအခြေခံအဆောက်အအုံများ၊ သင်ကြားမှုသင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြည့်စုံကောင်းမွန်စေရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်မှဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာကျောင်းများအလိုက် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများကလည်း စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”ဟူသောဆောင်ပုဒ်သည် လူသားတို့နှင့်ဆက်စပ်နေသည့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းကြရန် နှိုးဆော်ထားခြင်းဖြစ်သည်။ အိမ်တွင်အိမ်ပတ်ဝန်းကျင်၊ ကျောင်းတွင် ကျောင်းပတ်ဝန်းကျင်သာယာလှပရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရာသီသဘာဝမျှတကောင်းမွန်ရေးအတွက် သစ်ပင်များသည် အဓိကဖြစ်သည်။ ထို့ကြောင့် သစ်ပင်များရှင်သန်နေခြင်းဖြင့် အေးမြသောအရိပ်ကိုရရှိစေသည်။ သစ်ပင်များ၏အောက်ခြေများကို ရှင်းလင်းထားခြင်းဖြင့် ပတ်ဝန်းကျင်ကိုထင်ရှားစွာမြင်နိုင်သည်။ လေကောင်းလေသန့်များကိုရရှိစေသည်။ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာစွာပညာသင်ယူနိုင်ရေးအတွက် နိုင်ငံတော်က အကောင်းဆုံးဖန်တီးပေးထားသကဲ့သို့ သက်ဆိုင်သူအားလုံးကလည်း ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် ကျောင်းများဥပဓိရုပ်ကောင်းမွန်၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေပျော်မည်ဖြစ်ပါကြောင်း။ ။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘာနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

ကျွန်းစု မေ ၂၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၂၃ ရက် မွန်းလွဲပိုင်းတွင် ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာအုပ်စုကမ်းကြီးကျေးရွာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျွန်းစုမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သူသူစံက စီမံကိန်းအကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သူသူစံက စီမံကိန်းလက်စွဲစာစောင့်နှင့် သင်ထောက်ကူပစ္စည်းများကို စီမံကိန်းအဖွဲ့ခေါင်းဆောင်ထံသို့ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းတွင် အသုံးပြုမည့်သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းသို့ ကမ်းကြီးကျေးရွာအုပ်စုအတွင်းမှကုန်ထုတ်လုပ်ငန်းလုပ်ကိုင်လိုသည့်သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးတက်ရောက်ပြီး မေလ ၂၃ ရက်မှ ၂၈ ရက်အထိ သီးနှံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ပထမအကြိမ်ဖြင့် လည်းကောင်း၊ ဇွန်လ ၃ ရက်မှ ၉ ရက်အထိ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဒုတိယအကြိမ်ဖြင့်လည်းကောင်း သင်ထောက်ကူပစ္စည်းအစုံအလင်ဖြင့် အခမဲ့သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းတွင် ထူးချွန်သည့်သင်တန်းသူ၊ သင်တန်းသား ငါးဦးတို့အားရွေးချယ်၍ တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့်ညီမျှသော စက်ပစ္စည်းများကို သုံးစွဲခွင့်ပြုပြီး လုပ်ငန်းထူထောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြင့်ဦး(မြိတ်)

သဇင်(FM)အသံလွှင့်အစီအစဉ်

၂၅-၅-၂၀၂၆(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News	၄။ ၁၆:၄၀ I Music
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်	၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၃။ ၁၅:၀၀ Jumping For You	၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ ခေတ်စဉ်
Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

ပညာရေးဝန်ကြီးဌာန
"၂၀၂၆-၂၀၂၇ ပညာသင်နှစ်"
ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရ။
- ငွေကြေး/ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်း ဆောင်ရွက်ရန်။
- နာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

ပညာရေးဝန်ကြီးဌာန
"၂၀၂၆-၂၀၂၇ ပညာသင်နှစ်"
မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ နာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- မိဘများအနေဖြင့် ကျောင်းဖွဲ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

ပညာရေးဝန်ကြီးဌာန
"၂၀၂၆-၂၀၂၇ ပညာသင်နှစ်"
အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG)

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူနိတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grade 2)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူနိတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူနိတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူနိတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူနိတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူနိတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ စက်မှုအတတ်ပညာ ၁၃။ အခြေခံစိုက်ပျိုးရေးပညာ ၁၄။ အခြေခံမွေးမြူရေးပညာ ၁၅။ ဗလာစာအုပ် (၁)ဒါဇင် ၁၆။ ဘောပင် (၂)ချောင်း ၁၇။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူနိတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(စျ) အဋ္ဌမတန်း (Grade 8)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူနိတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူနိတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ္ဌ) ဒသမတန်း (Grade 10)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ဓာတုဗေဒ ၄။ ဓာတုဗေဒလက်တွေ့ ၅။ ရူပဗေဒ ၆။ ရူပဗေဒလက်တွေ့ ၇။ ဇီဝဗေဒ ၈။ ဇီဝဗေဒလက်တွေ့ ၉။ ပထဝီဝင် ၁၀။ သမိုင်း ၁၁။ ဘောဂဗေဒ ၁၂။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၃။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၄။ လူမှုရေးသိပ္ပံ (ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ) ဘာသာတွဲ ၁၆။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂)ချောင်း

(ဌ) ဧကာဒသမတန်း (Grade 11)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ဓာတုဗေဒ ၄။ ဓာတုဗေဒလက်တွေ့ ၅။ ရူပဗေဒ ၆။ ရူပဗေဒလက်တွေ့ ၇။ ဇီဝဗေဒ ၈။ ဇီဝဗေဒလက်တွေ့ ၉။ ပထဝီဝင် ၁၀။ သမိုင်း ၁၁။ ဘောဂဗေဒ ၁၂။ သိပ္ပံ (ဓာတု၊ ရူပ၊ ဇီဝ) ၁၃။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၄။ လူမှုရေးသိပ္ပံ (ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ဓာတုဗေဒ ၆။ ဓာတုဗေဒလက်တွေ့ ၇။ ရူပဗေဒ ၈။ ရူပဗေဒလက်တွေ့ ၉။ ဇီဝဗေဒ ၁၀။ ဇီဝဗေဒလက်တွေ့ ၁၁။ ပထဝီဝင် ၁၂။ သမိုင်း ၁၃။ ဘောဂဗေဒ ၁၄။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၆။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂) ချောင်း

ကမ္ဘဖလ

တင့်တယ်

ယမန်နေ့မှအဆက်

အသန့်၏နှုတ်ခမ်းပါးကလေးများကား ချစ်စဖွယ်ရွေ့လျားနေကြပေသည်။ ပါးချိတ်ကိုလည်း မဖိမိလေအောင်၊ ပါးချိတ်ပေါ်၌လည်း ဆေးတင်လေအောင် ခပ်ဖွဖွလေး အားမလိုအားမရ ဆေးလူးနေရသော အမူအရာမှာ မသိမသာတွန့်ကာရုန့်ကာ လှုပ်ရှားနေသောနှုတ်ခမ်းပါး နှင်းဆီလွှာကလေးများ၌ ပေါ်လွင်နေပါသည်။ ဖောင်းမို့ အိစက်ညက်ညောသော ပါးစုန့်လေးများမှာ ထွေးထွေးအိအိရှိနေကြပြီးလျှင် အပျို ဘဝသို့ တက်လှမ်းရန်အားယူ၍နေသော အသွေးအသားတို့၏အင်အားသည် သူ၏အိညက်သော ပါးစုန့်သားလေးများ၌ အထင်အရှားမြင်ရ၏။

ထိုသို့ နှင်းဆီဖူးကလေး၏ ဖွံ့ဖြိုးစရန်ကို မဝတဝ ခံစားရသလို ကလေးဘဝနှင့် အပျိုသဘာဝတို့ မကွဲပြားသေးဘဲ ယှက်ထွေးနေသေးသည့် အသန့်ကလေး၏ မျက်နှာပိုင်းပိုင်း နုနုနယ်နယ်ကလေးကို နီးကပ်စွာကြည့်နေရသည်၌ ကျွန်ုပ်၏ရင်ထဲတွင် အေးတစ်လှည့်၊ နွေးတစ်လှည့်နှင့် ဖြစ်လာရပေသည်။ ကျွန်ုပ်၏စိတ်သည် ထိုအခိုက်အတန့်ကလေး၌ အတောင်ပံတငြိမ့်ငြိမ့်ခတ်၍ ပျံဝဲနေသောလိပ်ပြာသဖွယ် လွင့်ပါးလျက်ရှိနေရ၏။ ထိုအခိုက်အတန့်တွင် အသန့်က "ကိုင်းပြီးပြီ ... ညအိပ်ရာဝင်တော့မှ တစ်ခါလူးပေးဦးမယ်" ဟုဆိုကာ ကိုယ်ကိုကိုင်းညွှတ်ရာမှ မတ်လိုက်သဖြင့် ကျွန်ုပ်တွင် သတိပြန်ဝင်၍ ကုလားထိုင်တွင် လှဲမှီနေရာက ကိုယ်ကိုထူလိုက်၏။ ကျွန်ုပ်၏ခေါင်းမှာ ဤတွင် ထူထူထောင်ထောင်ဖြစ်၍သွား၏။ ထိုအခိုက်၌ အသန့်က "အမယ် ... နေဦး ... မှန်းစမ်း ... နားရွက်နောက်ထိ အောင်တောင် ရောင်နေပါကလား အစ်ကိုကံကောင်းရယ်၊ နေစမ်း ... ငြိမ်ငြိမ် ခဏ" ဟု ဆိုရင်း သူ့ကိုယ်ကလေးကို ရှေ့သို့ကိုင်းညွှတ်ပြန်ကာ ဆေးဖြင့် နားရွက်နောက် ဇက်ကြောတစ်လျှောက်ဆီ၌ လူးလျှဲပေးနေပြန်၏။ ထိုအခိုက်အတန့်၌ ကျွန်ုပ်၏ မျက်လုံးများသည် ပြူးကျယ်၍သွား၏။ ထို့နောက် မျက်စိကို မှိတ်လိုက်မိ၏။ မျက်စိကို မှိတ်ပစ်လိုက်သော်လည်း မျက်ခွံကိုဖောက်၍ မြင်နေရသကဲ့သို့ ဖြစ်ရ၏။ မျက်စိကို ပြန်၍ဖွင့်လိုက်မိပြန်၏။ ထိုသို့ဖြစ်ပျက်နေသည်မှာ တစ်စက္ကန့်၊ နှစ်စက္ကန့်အတွင်း၌ဖြစ်၏။ နှာညွှန့်တွင်လည်း ထူးခြားသောရနံ့တစ်မျိုးသည် သင်းသင်းလေး ချူလာ၏။ ထိုခဏာ၌ပင် အသန့်သည် "ကိုင်း ... ပြီးပြီ" ဟုဆိုကာ ကိုယ်ကိုမတ်လိုက်ပေသည်။ ကျွန်ုပ်ကား အသန့်ကလေးအား ငေးကြောင်ကြောင်ကြည့်ကာ ဘာမျှမပြောတတ်ဖြစ်နေရပေသည်။

အဘယ်ကြောင့်နည်း ... အကြောင်းမူကား သိမ်မွေ့လှပေတော့သည်။ အသန့်ကလေး နောက်တစ်ကြိမ်ကိုယ်ကိုကိုင်းညွှတ်၍ ဆေးလူးပေးရန် ဟန်ပြင်လိုက်သည်၌ သူဝတ်ထားသော ရင်ဖုံးအင်္ကျီကလေးမှာ ခဲဆွဲသလိုဖြစ်ကာ အောက်သို့ ပို၍ပွင့်လန်သွားသည်၌ ခေါင်းကို မတ်မတ်ထူထားသည့် ကျွန်ုပ်၏ မျက်စိများသည် အသန့်၏အင်္ကျီလည်ပင်းပေါက်ကလေးကို ကျော်၍ အတွင်းဘက်သို့ စူးစိုက်မိလျက်သားဖြစ်သွား၏။ မြင်ရသောအခြင်းအရာတို့ကား နုနယ်သိမ်မွေ့လှသဖြင့် ဖော်ပြစရာကောင်းသည် မထင်သဖြင့် မဖော်ပြလိုတော့ပေ။ ပြေပြေလျော့ရဲသော ရင်သိမ်းရှင်မီးကလေး၏ အထက်ရင်ညွှန့်၌ လူးခြေထားသောသနပ်ခါးနံ့ကလေးနှင့် အသန့်၏ကိုယ်နံ့ကလေးတို့ရောထွေးနေသော အသင်းအထုံကလေး တစ်မျိုးသည် ကျွန်ုပ်အား သာသာကလေးမျှ ယစ်မူးမှိတ်လိုက်မိ၏။ မျက်စိကို မှိတ်ပစ်လိုက်သော်လည်း မျက်ခွံကိုဖောက်၍ မြင်နေရသကဲ့သို့ ဖြစ်ရ၏။ မျက်စိကို ပြန်၍ဖွင့်လိုက်မိပြန်၏။ ထိုသို့ဖြစ်ပျက်နေသည်မှာ တစ်စက္ကန့်၊ နှစ်စက္ကန့်အတွင်း၌ဖြစ်၏။ နှာညွှန့်တွင်လည်း ထူးခြားသောရနံ့တစ်မျိုးသည် သင်းသင်းလေး ချူလာ၏။ ထိုခဏာ၌ပင် အသန့်သည် "ကိုင်း ... ပြီးပြီ" ဟုဆိုကာ ကိုယ်ကိုမတ်လိုက်ပေသည်။ ကျွန်ုပ်ကား အသန့်ကလေးအား ငေးကြောင်ကြောင်ကြည့်ကာ ဘာမျှမပြောတတ်ဖြစ်နေရပေသည်။

အဘယ်ကြောင့်နည်း ... အကြောင်းမူကား သိမ်မွေ့လှပေတော့သည်။ အသန့်ကလေး နောက်တစ်ကြိမ်ကိုယ်ကိုကိုင်းညွှတ်၍ ဆေးလူးပေးရန် ဟန်ပြင်လိုက်သည်၌ သူဝတ်ထားသော ရင်ဖုံးအင်္ကျီကလေးမှာ ခဲဆွဲသလိုဖြစ်ကာ အောက်သို့ ပို၍ပွင့်လန်သွားသည်၌ ခေါင်းကို မတ်မတ်ထူထားသည့် ကျွန်ုပ်၏ မျက်စိများသည် အသန့်၏အင်္ကျီလည်ပင်းပေါက်ကလေးကို ကျော်၍ အတွင်းဘက်သို့ စူးစိုက်မိလျက်သားဖြစ်သွား၏။ မြင်ရသောအခြင်းအရာတို့ကား နုနယ်သိမ်မွေ့လှသဖြင့် ဖော်ပြစရာကောင်းသည် မထင်သဖြင့် မဖော်ပြလိုတော့ပေ။ ပြေပြေလျော့ရဲသော ရင်သိမ်းရှင်မီးကလေး၏ အထက်ရင်ညွှန့်၌ လူးခြေထားသောသနပ်ခါးနံ့ကလေးနှင့် အသန့်၏ကိုယ်နံ့ကလေးတို့ရောထွေးနေသော အသင်းအထုံကလေး တစ်မျိုးသည် ကျွန်ုပ်အား သာသာကလေးမျှ ယစ်မူးနေရာက အသန့်ဖြစ်ကတတ်ဆန်း မတော်ဘဲနှင့် စီးထားသော ခုံဖိနပ်တွင် ငြိတွယ်၍ တတန်းတန်းလိုက်ပါနေကြ၏။ ထိုသို့ ငြိတွယ်၍နေသည်ကို မြင်သောအသန့်သည် အိမ်မဘက်သို့ လှမ်းတက်မည့်ဟန်ပြင်ပြီးခါမှ ပိုးရှပ်ထွေးငြိတွယ်နေသော ဖိနပ်ကို လက်လှမ်းမီစေရန် ခြေထောက်၌စွပ်လျက်သားက နောက်ပြန် ခြေထောက်ကို တံတောင်ဆစ်ကွေးသလို ပင့်မြှောက်ပြီး ပိုးရှပ်ထွေးအဝတ်စကို ဖိနပ်မှ ခွာ၍ချလိုက်၏။

ဖွံ့ဖွံ့ထွားထွားဖြစ်စပြုလာသော ကိုယ်လုံးကိုယ်ထည်ကိုငေးစိုက်ကာ ကျောဘက်မှကြည့်ရင်း ကျွန်ရစ်သူကျွန်ုပ်မှာကား အသန့်ခြေတစ်ဖက်မြှောက်၍ ပိုးရှပ်ထွေးကို ခွာလိုက်သောခဏတွင် ထဘီရေသီနားကလေးမှာ တစ်တောင်ခန့်အထက်သို့ မြင့်တက်သွားသည့်အခါတွင် ဝင်းခနဲဝါသောခြေသလုံးလေးကို သာမက တံကောက်ကွေးအထက် ပေါင်ညွှန့်ကလေး လက်လေးသစ်ခန့်တို့ကိုပါ လျှပ်ပြက်သလို လက်ခနဲ မြင်လိုက်ရပေရာ ရုတ်တရက်တွင် အသက်ရှူရှန်ပင် မမှေ့မှား၍နေမိ၏။ အိမ်မဘက်သို့ အသန့်ခြေတစ်လှမ်းဝင်၍ နောက်၌ကျန်ရစ်ခဲ့သောခြေတစ်ဖက်ကို အားပြုကာ အတက်လိုက်၌ သူ၏ခြေသလုံးမွတ်မွတ်ကလေးတွင် ကြွက်သားကလေးနှစ်လုံး ရုတ်ခြည်းသိမ်မွေ့စွာပေါ်၍ ရုတ်ခြည်းပျောက်ကွယ်သွားကြပုံကလေးကိုလည်း မကြည့်ဘဲနှင့် တပ်အပ်မြင်လိုက်ရပြန်၏။ ထို့နောက် အသန့်ကလေး အိမ်တွင်းဘက်သို့ ပျောက်၍သွားခါမှ ကျွန်ုပ်မှာ အယောင်ယောင်အမှားမှား အသက်ရှူကိုပင် ရပ်တန့်ထားမိသည့်အတွက် ရင်ကျပ်နေသည်ကိုသတိရကာ သက်ပြင်းတစ်ချက်ရှိုက်၍ ရှိုက်မိသောသက်ပြင်းကို ပြန်၍ချလိုက်မိရပြန်လေတော့သည်။


မအပ်မရာကို တွေးမှားမိသည်ဟု ထင်လျှင်လည်း ခံရပေတော့မည်သာ ...။ သို့သော် ... တမင်မတွေးမိခြင်းကား အမှန်ပင်ဖြစ်၏။ သို့သော် လူတို့၏စိတ်၌ အငွေ့အသက်ကျန်နေသေးသော တိရစ္ဆာန်ကထာများမှာ ဓားမကူးဆရာတော် ကျော်ကြားရသော အဖြစ်ထိ မနုဿစိတ်ခွင်မှ ကင်းစင်ခြင်းမရှိသေးသည့် ဓမ္မတာသဘာဝအတိုင်း ကျွန်ုပ်၏စိတ်သည်ရုတ်တရက် ယိုင်၍သွား၏။ တမင်ယိုင်ချင်၍ ယိုင်ရခြင်းမဟုတ်မူ လျက် မနုဿသဘာဝပင်ကိုအတိုင်း ယိုင်ရခြင်းဖြစ်ပေသည်။ သို့သော် လူတည်းဟူသော အဆင့်အတန်းကိုရလျက် ကောင်းကင်ကိုကျောမပေးဘဲ ခေါင်းထောင်နေသောသတ္တလောက၏ အထွတ်အဖူးဖြစ်သည်အထိ စိတ်ဓာတ်ရင့်ကျက်သည့် ဘဝနှင့်အညီ ယိမ်းယိုင်သလို တုန်လှုပ်သွားသည့်စိတ်ကို သတိနှင့် ကျားကန်၍ ထိန်းပေးလိုက်သည်ခဏာ၌ "ဩော် ... ငါ့ညီမလေးအရွယ်ရောက်လာမှကိုး" ဟူသော အတွေးဖြင့် စိတ်နှိမ်၍ သွားရပေသည်။

သွေးမတော်သားမစပ် သူစိမ်းပြင်ပြင် ရေပြင်ပြင် ဖြစ်ကြသော်လည်း ကျွန်ုပ်၏အဖို့၌ကား အသန့်၏ မိဘတို့ဂုဏ်ကျေးဇူးကြောင့် အသန့်သည် တစ်အူထူဆင်း နှမကလေးရင်းချာနှင့်မခြားပါပေ။ သွေးသားမစပ်သဖြင့် ဖျတ်ခနဲယိမ်းယိုင်သောလူ့စိတ်ကို ကျေးဇူးရှင်ဟု အသိအမှတ်ပြုသောသတိက တည်တံ့အောင်ချုပ်ကိုင်၍ ပေးလိုက်ပေတော့သည်။ သို့ရာတွင် သွေးသားမစပ်မှုဆိုသည်မှာကား အဘယ်မျှပင် နှမကလေးအရင်းပေါ်၌ထားသောစိတ်မျိုးကို ထားစေကာမူ မောင်နှမအရင်းအချာကား ဖြစ်၍လာနိုင်သည် မဟုတ်ရာ။ လူတွင် လုံးဝမစင်ကြယ်သေးသော အဟိတ်စိတ်၏အရှိန်ကြောင့် သတိကို တစ်မတြာကာလမျှ လက်လွတ်ရသည်ကို ခွင့်လွှတ်နိုင်ကောင်းအံ့ ထင်ပေသည်။

သို့တိုင်အောင် ကျွန်ုပ်သည် ခဏကလေးမျှ စကျွေအာရုံကြောင့် စိတ်ယိမ်းသွားမိသည့် အခိုက်အတန့်ကလေးကို ကိုယ့်ဘာသာကိုယ်လည်း ရှက်မိ၏။ ကိုယ့်စိတ်ကိုလည်း ကိုယ်ဒေါသထွက်မိသေး၏။ သာမန်အားဖြင့်ဆိုလျှင် ကျွန်ုပ်တွင် အသန့်အား မွေးကင်းစကလေးငယ်ပေါ်၌ထားသော စိတ်ထက်ဘာမျှမပိုရိုးမှန်၏။ သို့သော် မျက်စိအောက်၌ ကွင်းခနဲထင်းခနဲတွေ့လိုက်ရသော အခြင်းအရာတို့ကြောင့် ပုထုဇဉ်သဘာဝ ရဟန္တာမဟုတ်သေးသော ကျွန်ုပ်၏ စိတ်တွင် မသိမသာလှုပ်ရှားမိသည်မှာ သွေးမစပ်မှု အရင်းခံပင်ဖြစ်ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကိုယ့်လိပ်ပြာက ကိုယ့်ကို မျက်စောင်းခဲခြင်းကိုခံရသောခဏာ၌ ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ကို သတိလွတ်ရမည်လားဟု အပြစ်တင်မိသေး၏။

ဆက်လက်ဖော်ပြပါမည်။

အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာအုပ် စာစောင် ပြပွဲကျင်းပ



ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာအုပ်စာစောင်ပြပွဲကို မေလ ၂၃ ရက်က ဒဂုံ(တောင်ပိုင်း)မြို့နယ်ရှိ မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်ပြုံးသန့်ခိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး ကရာတေးပညာရပ်များ သင်ကြားနေသော လူငယ်များအား ဉာဏ်စမ်းမေးခွန်းများ မေးမြန်းကာ အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များကို တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

နေမျိုးအောင်(ပြန်/ဆက်)

ယခုနှစ်မိုးရာသီတွင်စိုက်ပျိုးမည့်ပျိုးပင်များ ပြုစုပျိုးထောင်ထား

တံတားဦး မေ ၂၄

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် သစ်တောဦးစီးဌာနမှ ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးမည့်ပျိုးပင်များကို တံတားဦးမြို့နယ် သစ်တောဦးစီးဌာန ပျိုးဥယျာဉ်၌ ပြုစုပျိုးထောင်ထားကြောင်း သိရသည်။

ဒေသပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ချစ်မြတ်နိုးတတ်စေရန်၊ သစ်တောပြန်းတီးခြင်းမှကာကွယ်ရန်နှင့် ထင်းသုံးစွဲမှုဖုလုံစေရန်ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာနမှ ဒေသရေမြေနှင့်ကိုက်ညီသည့် ပျိုးပင်မျိုးစုံကို ပျိုးထောင်ထားရှိသည်။

တံတားဦးမြို့နယ်၌ ယခုနှစ်မိုးရာသီကာလအတွင်း လူထုဖြန့်ဝေစိုက်ပျိုးရန် ကုလားကုက္ကိုပင် ၂၀၀၀၊ တမာပင် ၇၅၀၀၊ မည်စည်ပင် ၁၅၀၀၊ ဖျောက်ဆိပ်ပင် ၉၀၀၀၊ ယူကလစ်ပင် ၁၀၀၀၀ စုစုပေါင်းပျိုးပင် ၃၀၀၀၀ ကို ပြုစုပျိုးထောင်ထားကြောင်း သိရသည်။

တံတားဦးမြို့နယ် သစ်တောဦးစီးဌာနမှ ယခုနှစ်မိုးရာသီကာလတွင် စိုက်ပျိုးရန် ဌာနဆိုင်ရာများ၊ တစ်ရွာနှစ်ဇက သစ်ပင်စိုက်ပျိုးပွဲ၊ လမ်းဘေး၀ဲ၊ ယာ စိုက်ပျိုးရန်နှင့် ပြည်သူလူထုထံ ဖြန့်ဝေပေးနိုင်ရန် ပျိုးပင်များပြုစုပျိုးထောင်ထားကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)



◆ **ကျော်ဖုံးမှအဆက်**

နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် သံရုံးတာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညီစောက မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးသောဆက်ဆံရေးကို အခြေပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်အကြီးအကဲ၏ ခွင့်ပြုမှုနှင့် အိန္ဒိယသံရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ၌ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် အပြည်ပြည်ဆိုင်ရာယောဂနေ့ အခမ်းအနားများကို မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ယခုနှစ်တွင် ယခင်နှစ်များကဲ့သို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ပရိဝုဏ်တွင် အောင်မြင်ပြည့်စုံစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခု ၂၀၂၆ ခုနှစ် ယောဂနေ့အစီအစဉ်၏ ဆောင်ပုဒ်မှာ "ကျန်းမာသုခ၊ ဉာဏ်ပညာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ယောဂ" (Yoga for Wellness, Wisdom, and World Peace) ဖြစ်ကြောင်းသိရှိရပြီး စစ်မှန်သော ကျန်းမာသုခ၏အဓိပ္ပာယ်မှာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုသာမက စိတ်ကြည်လင်ရှင်းလင်းမှု၊ ကရုဏာစိတ်ထားဆောင်သော အပြုအမူများနှင့် လူအချင်းချင်းနှင့် နိုင်ငံများအကြား ငြိမ်းချမ်းသောဆက်ဆံရေးရှိမှုတို့လည်း အပါအဝင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာယောဂနေ့ကို ယခုကဲ့သို့ နှစ်စဉ်ဆက်လက်ကျင်းပလာနိုင်ခြင်းသည် မိမိတို့နှစ်နိုင်ငံအကြား ပိုမိုရင်းနှီးနွေးထွေးသောဆက်ဆံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန်နားလည်တန်ဖိုးထားမှုတိုးတက်လာခြင်းကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများက အိန္ဒိယနိုင်ငံသံရုံး ဆွာမီ ဗီဗီခန်နန်ဒါ ယဉ်ကျေးမှုစင်တာမှ ယောဂနည်းပြနှင့်အတူ ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်းကို ဆောင်ရွက်ကြပြီး ဆွာမီ ဗီဗီခန်နန်ဒါ ယဉ်ကျေးမှုစင်တာမှ ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ဖူးမြော်ကြည်ညိုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ (၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်းအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း သတ်မှတ်နေရာ၌ ကံ့ကော်ပင်ကို အတူတကွစိုက်ပျိုးကြကြောင်းသတင်းရရှိသည်။ **မြဝတီ**

ယောဂဟာ ရုပ်ပိုင်းဆိုင်ရာနဲ့စိတ်ပိုင်းဆိုင်ရာအကြား ဟန်ချက်ညီမှု၊ အတွေးအခေါ်နဲ့အပြုအမူတို့မှာ စည်းကမ်းရှိမှု၊ တစ်ဦးတစ်ယောက်ချင်းစီနဲ့ လူ့အဖွဲ့အစည်းအကြား သဟဇာတဖြစ်မှုကို ကိုယ်စားပြုပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur





"ကျန်းမာသုခ၊ ဉာဏ်ပညာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ယောဂ" (Yoga for Wellness, Wisdom, and World Peace) ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် (၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်းအခမ်းအနားကို မေလ ၂၄ ရက် နံနက်ပိုင်းတွင်ပြည်ထောင်စုနယ်မြေနေပြည်တော်ဒကွိဏ်သီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဥယျာဉ်တော်အတွင်း ရေပန်းရင်ပြင်၌ ကျင်းပသည်။

"အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ်အစီအစဉ်ထဲမှာ တစ်ခုအပါအဝင်အဖြစ် ယောဂသရုပ်ပြလေ့ကျင့်ခြင်း အစီအစဉ်ကို နေပြည်တော်ရဲ့ အထင်ကရနေရာဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပရိဝုဏ်မှာ ဒီနေ့ အိန္ဒိယသံရုံးအနေနဲ့ မြန်မာနိုင်ငံအစိုးရနဲ့အတူတကွကျင်းပခွင့်ရတဲ့အတွက် ကျန်တော့်အနေနဲ့ အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က ပြောကြားသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလကကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အဖွဲ့ဝင် ၁၉၃ နိုင်ငံက အဆိုထောက်ခံခဲ့ပြီး နိုင်ငံပေါင်း ၁၇၇ နိုင်ငံက ပူးပေါင်းဆောင်ရွက်မည်ဟုကတိပြုခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံအစိုးရနဲ့ နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့ကျင်းပတဲ့ အခမ်းအနားကို အထူးဧည့်သည်တော်အဖြစ်တက်ရောက်ပေးတဲ့ ဒုတိယသမ္မတ ဦးညီစော၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတွေ၊ တာဝန်ရိုသူတွေ၊ ယောဂဂါသနာရှင်တွေကို ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်" ဟု အိန္ဒိယနိုင်ငံသံအမတ်ကြီးက ပြောကြားသည်။

"ယောဂရဲ့ အထူးထင်ရှားတဲ့အချက်ကတော့ ဟိန္ဒီ (Hindi) လို့ ယိုး(ဂ်) လို့ သုံးပြီး အင်္ဂလိပ်လို ယောဂလို့အသံထွက်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ယိုး(ဂ်) လို့ အသံထွက်ပါမယ်။ သူ့ရဲ့အဓိပ္ပာယ်က စုစည်းညီညွတ်မှုဖြစ်ပါတယ်။ ယောဂဟာ ကာယလေ့ကျင့်ခန်းတစ်ခုထက်များစွာပိုမိုပါတယ်။ ယောဂဟာရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ အကြား ဟန်ချက်ညီမှု၊ အတွေးအခေါ်နဲ့ အပြုအမူတို့မှာ စည်းကမ်းရှိမှု၊ တစ်ဦးတစ်ယောက်ချင်းစီနဲ့ လူ့အဖွဲ့အစည်းအကြား သဟဇာတဖြစ်မှုကို ကိုယ်စားပြုပါတယ်။ ဒီနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာယောဂနေ့မှာ အတူတကွဆင်နွှဲကြရင်း ကျွန်တော်တို့ရဲ့လူ့အဖွဲ့အစည်းကြားမှာ ဟန်ချက်ညီမှု၊ ကရုဏာတရားနဲ့အတူ ယှဉ်တွဲနေထိုင်ခြင်းတို့ကို ထပ်လောင်းအတည်ပြုရင်း ယောဂရဲ့စိတ်ဓာတ်ဖြစ်တဲ့ လူသားများအကြား ညီညွတ်မှု၊ စည်းလုံးမှုနဲ့ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေကို ဆက်လက်လှုံ့ဆော်ပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **မြဝတီ**

မြစ်ကြီးနားမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်အထိမ်းအမှတ် အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူ



မြစ်ကြီးနား မေ ၂၄

၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့သီတင်းပတ်အထိမ်းအမှတ် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ဆမားလမ်းရှိကျောက်စိမ်းတုံးမီးပွိုင့် အ.ထ.က (၁) ကျောင်းဘေး၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်ကြားရေးဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကလောပြည်သူ့ဆေးရုံ သုံးထပ်တိုးချဲ့လူနာဆောင် ဆောက်လုပ်မည့်နေရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ကလော မေ ၂၄

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များသည် ယမန်နေ့က ကလောမြို့ ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ခန်းပါသုံးထပ်တိုးချဲ့လူနာဆောင်ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ကလော ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသောပြည်သူများအား စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် အောင်ပန်းမြို့ သာမိုင်းခမ်းကျေးရွာအုပ်စု ကုန်းလွင်ကျေးရွာရှိ ရှမ်းထိပ်တန်း တန် ၇၀၀ အာလူးအအေးခန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး အာလူးအအေးခန်းအား ဖွင့်လှစ်ပေးသည်။

ယင်းနောက် အောင်ပန်းမြို့ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန(အောင်ပန်း)၌ အထွက်ကောင်းမျိုးများပြသထားမှု၊ ရောဂါပိုးမွှားကင်းစင်သောမျိုးအာလူးထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ဒေသသုတေသနဗဟိုဌာန(အောင်ပန်း)ရှိ သုတေသနဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မောင်မောင်သန်း(တောင်ကြီး)

မေလတတိယပတ် တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာ အစောင် ၈၇၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် မေ ၂၄

ရန်ကုန်စတော့အိတ်ချိန်း၌ မေလ တတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၄၇၀၀ ကျော် တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၈၇၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ မေလ ၁၈ ရက်မှ ၂၂ ရက်အထိ စုစုပေါင်း ငွေကျပ် ၄၇၀၄၂၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၇၀၂၈ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် ယခုတစ်ပတ်အတွင်း FMI ကုမ္ပဏီမှငွေကျပ် ၉၄၃၅၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၇၀၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၄၀၀ ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MTSH ကုမ္ပဏီမှငွေကျပ် ၁၅၀၈၃၄၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၂၇၆၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၅၉၄၃၇၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၂၉၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာ သုံးပုံ နှစ်ပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။


FPB ကုမ္ပဏီမှ ငွေကျပ် ၈၈၆၁၆၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၉၁၇၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၁၀၀၀၀ ခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၇၅၉၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၃၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၄၀၆၃၇၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၃၂၂၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ထက်ဝက်ခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၃၅၅၆၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၂၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ထက်ဝက်ခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။ MAEX ကုမ္ပဏီမှ ငွေကျပ် ၃၂၂၀၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၇၀၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

ခန့်ခန့်



သာယာဝတီခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

သာယာဝတီ မေ ၂၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။



ဦးစွာ သာယာဝတီမြို့နယ် ငဖြူကလေးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးဇော်လင်း၏ ဥစားဘဲကောင်ရေ ၄၀၀၀ သဘာဝကွင်းစာဖြင့် အောင်မြင်စွာမွေးမြူထားရှိမှု၊ တစ်ကွင်းတစ်ဆက်တည်း ရေဆင်းပေါ်ဆန်း (၁) ၇၅ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် မျိုးသန့်စင်စက်ဖြင့် တန်ဖိုးမြင့်ရေဆင်းပေါ်ဆန်းစပါးမျိုးများ ပြန်လည်သန့်စင်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် သာယာဝတီမြို့နယ် အင်းရွာစိုက်ပျိုးရေးသင်တန်းကျောင်း၌ ရိတာတ်စတာကော်ဖီ အပင်ရေ ၅၀၀၀၀ ပျိုးထောင်ထားရှိမှု၊ သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု၌ ရေကြီးရေနက်ကွင်းလယ်မြေဧက ၂၀၀ ကို ရာသီမရွေးစိုက်ပျိုးနိုင်သည့် ရေတော်မိုးတော်လယ်မြေအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် ဦးတိက္ခိရေတံခါးအထက်ပိုင်း အရှည်ပေ သုည ဒသမ ၈၃ မိုင် ရိုးချောင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာအုပ်စု၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ အိမ်တိုင်းစားဖိုဆောင်သီးနှံစိုက်ခင်း (Home Garden) များဆောင်ရွက်ကြရန်အသိပေးပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများအတွက် ဟင်းသီးဟင်းရွက်သီးနှံမျိုးစေ့များ ပေးအပ်ခဲ့ကြောင်းသိရသည်။ (၄၁၀)

ပြင်ဦးလွင်မြို့နယ် အုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေး

ပြင်ဦးလွင် မေ ၂၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ပန်းဦးတောင်ကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို (၁၁) ကြိမ်မြောက်အဖြစ် ယမန်နေ့က ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က အတိုး/အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်းနှင့် ကျေးရွာသူ၊ ကျေးရွာသားများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အုတ်ဖိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော အသင်းသား၊ အသင်းသူ ၉၈ ဦးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၀၆ သိန်းကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

ကျုံပျော်မြို့နယ်၌ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြော

ကျုံပျော် မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက်ဖြင့် မှုခင်းများလျော့နည်းကျဆင်းစေရေးအတွက် ပြည်သူလူထုအား မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အောင်ဆန်းရပ်ကွက် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းက ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့စစ်မှုထမ်းခြင်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချိုနိုင်ဝင်းက လူသတ်မှု၊ မုဒိမ်းမှုနှင့်ခိုးမှုများဖြစ်ပွားရသည့်အကြောင်းရင်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များနှင့် မှုခင်းကျဆင်းရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အသိပညာပေးဟောပြောသည်။



ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးအောင်စိန်ဘွင့်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကိစ္စရပ်များ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးတေဇာအောင်က ကလေးသူငယ်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် အမှတ်(၇)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(ပုသိမ်)မှ ဒုတိယရဲအုပ်အောင်မျိုးမင်းက လူကုန်ကူးခံရမှုအန္တရာယ်နှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို အသီးသီးဆွေးနွေးဟောပြောကြသည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချိုနိုင်ဝင်းနှင့်တပ်ဖွဲ့ဝင်များက ဟောပြောပွဲသို့ တက်ရောက်လာကြသူများထံ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်းသိရသည်။

ချမ်းမြေ

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေး

ပဲခူး မေ ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီး၌ မေလ ၂၃ ရက်နံနက်ပိုင်းတွင် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား (၄၂)ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ ရောသန်၊ ကော်ဖီနှင့်မုန့်များ တိုက်ကျွေးနေမှုများကို ကြည့်ရှုအားပေးပြီး လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းနယ်ပယ်များတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် အငြိမ်းစားယူပြီးနောက် အသက်ရှည်ကျန်းမာစွာနေထိုင်ရေး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး တစ်လစာ လစဉ်ပံ့ပိုးပေးခြင်းအပြင် ကာကွယ်ဆေးထိုးပေးခြင်းနှင့် အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၁၀)



ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကျင်းပ

ချမ်းအေးသာစံ မေ ၂၄

ကျောင်းသားလူငယ်များ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ မေလ ၂၃ ရက်မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် စွမ်းရည်မြှင့်တင်ပြိုင်ပွဲများအဖြစ် စာစီစာကုံး၊ ကဗျာရွတ်၊ သရုပ်ဆောင်၊ အင်္ဂလိပ်စာစွမ်းရည်၊ စာဖတ်စွမ်းရည်၊ ပုံပြောနှင့် ပုံတူရွေးချယ်ပြိုင်ပွဲများကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၂ဖ ဦးဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲအသီးသီးတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ကြသည်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူများ အသိပညာဗဟုသုတများတိုးတက်စေရန် စာအုပ်စာပေများငှားရမ်းပေးခြင်း၊ သတင်းမှန်များကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးခြင်း၊ စာဖတ်ရှုနိုးမြှင့်တင်ရေးပွဲတော်များကျင်းပခြင်း၊ လူငယ်ရေးရာ၊ လူငယ်စကားဝိုင်း၊ စာဖတ်ဝိုင်းများကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချမ်းမြေမောင်

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများဆောင်ရွက်

ချောင်းဦး မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ မေလ ၂၄ ရက်နံနက်ပိုင်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ချောင်းဦးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ခြင်မှတစ်ဆင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေးနှင့် ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေးတို့အတွက် ခြင်များအလွယ်တကူခိုအောင်းနိုင်သည့် ရေတင်ကျန်နိုင်သော နေရာများ၊ ရေဘူး၊ ရေပုံး၊ ရေအိုး၊ ရေခွက်၊ တာယာအဟောင်းများကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေတိုင်ကီနှင့် ကျောက်စည်ပိုင်း၊ ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ချောင်းဦးမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သာသနိကအဆောက်အအုံများ၊ ရပ်ကွက်အတွင်းရှိ နေအိမ်၊ အဆောက်အအုံများ၌ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများအား အပတ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)



ချောက်မြို့နယ်၌ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြော

ချောက် မေ ၂၄

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြောပွဲကို မေလ ၂၄ ရက် နံနက်ပိုင်းတွင် ချောင်းတက်ကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင်ချောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများက စိုက်ပျိုးတောင်သူများအား အထွက်နှုန်းကောင်းမွန်သော မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်အသုံးပြုရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတွဲဖက်အသုံးပြုရေး၊ သီးနှံအထွက်နှုန်း မထိခိုက်စေသည့် ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်သည့် နည်းလမ်းများ လိုက်နာကျင့်သုံးရေး၊ ပိုးသတ်ဆေးများ လျှော့ချအသုံးပြုရန်အတွက် သဘာဝဝိုးသတ်ဆေးများဖော်စပ်အသုံးပြုရန်နှင့် စနစ်တကျသုံးစွဲတတ်ရေး၊ စိုက်ပျိုးတောင်သူများ ငါးအမိုင်နိုများပြုလုပ်သုံးစွဲရေး၊ သဘာဝမြေဆွေးပြုလုပ်သုံးစွဲတတ်စေရေးတို့ကို ရှင်းလင်းပြောပြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက စိုက်ပျိုးရေးတောင်သူများကို ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

MWD Education, Knowledge & Sports Channel

၂၅-၅-၂၀၂၆(တနလာနေ့)

၁။ ၀၇:၀၀-၀၈:၃၀ Grade-3/ Grade-4/ Grade-5/ Grade-6/ Grade-7 သင်္ချာ

၂။ ၁၅:၃၀-၁၅:၅၀ Grade-7/ Grade-8/ Grade-9 သင်္ချာ

၃။ ၁၅:၅၀-၁၈:၄၀ Grade-10 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ

၄။ ၁၈:၄၀-၂၀:၂၅ Grade-11 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ

မြစ်ကြီးနားမြို့နယ်၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား မေ ၂၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပလန(၄) ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မေလ ၂၄ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဝင်း၊ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှနှင့် တာဝန်ခံအင်ဂျင်နီယာများက လမ်းကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များမှာကြားသည်။

အဆိုပါ ပလန(၄)ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်ပေ ၁၅၀၀၊ အကျယ် ၁၈ ပေ၊ ထု ၃ ပေမြေသားတာပေါင်တင်ခြင်းနှင့် အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မသဲကျောက်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေကျပ် ၁၄၇ သန်းဖြင့် ဌာနမှအင်ဂျင်နီယာများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

ကျန်းမာသောလူသားအရင်းအမြစ်မှသည် ဖွံ့ဖြိုးတိုးတက်မှုဆီသို့

ဒေါက်တာဇေယျာဝင်း

ကမ္ဘာပေါ်ရှိနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် ယခင်က စီးပွားရေးဆိုင်ရာကိန်းဂဏန်းများကိုသာ အဓိကထားခဲ့ကြသော်လည်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) က လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်း (HDI) ကို စတင်မိတ်ဆက်ခဲ့သည့်နောက်ပိုင်းတွင် လူသားတို့၏ အရည်အသွေးသည်သာ ဖွံ့ဖြိုးမှု၏ အခြေခံစံနှုန်းဖြစ်လာခဲ့သည်။ HDI သည် အသက်ရှည်ရှည်နေထိုင်နိုင်မှု၊ ပညာသင်ကြားနိုင်မှုနှင့် သင့်တင့်လျောက်ပတ်သော လူနေမှုအဆင့်အတန်းဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်အပေါ် အခြေခံထားသည်။ ဤမဏ္ဍိုင်များအနက် ကျန်းမာရေးသည် လူသားတစ်ဦး၏ တန်ဖိုးရှိသောဘဝကို အစပြုရာအုတ်မြစ်ဖြစ်သည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုအားလုံးအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအချက်လည်း ဖြစ်သည်။

မျှော်မှန်းသက်တမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံ

HDI ကို တွက်ချက်ရာတွင် အသုံးပြုသည့် အဓိကအတိုင်းအတာတစ်ခုမှာ လူတစ်ဦးအနေဖြင့် မွေးစမှစတင်၍ မျှော်မှန်းနိုင်သည့်သက်တမ်းဖြစ်သည်။ ဤညွှန်းကိန်းသည် နိုင်ငံတစ်နိုင်ငံရှိ ပြည်သူများ၏ ကျန်းမာရေးအခြေအနေကို တိုက်ရိုက်ထင်ဟပ်စေပြီး အသက်ရှည်ရှည်နေထိုင်နိုင်ရန် အာဟာရပြည့်ဝမှု၊ ကောင်းမွန်သော မိခင်နှင့်ကလေးစောင့်ရှောက်မှု၊ ကူးစက်ရောဂါများ ကာကွယ်နိုင်မှုနှင့်ဆေးကုသမှု စသည့် အချက်များ မဖြစ်မနေလိုအပ်သည်။ ကျန်းမာရေးသည် လူသားတစ်ဦးချင်းစီအတွက် မွေးရာပါရရှိအပ်သော ဖြစ်တည်မှုဆိုင်ရာ အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်ရုံသာမကဘဲ လူသားဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်တစ်ခုလုံးကို မောင်းနှင်ပေးသည့် အဓိကအင်ဂျင်လည်းဖြစ်သည်။ ကျန်းမာရေးချို့တဲ့နေသော လူတစ်ဦးသည် ဗဟုသုတရှာဖွေဆည်းပူးရန်နှင့် ပညာသင်ကြားရန် အဟန့်အတားများစွာ တွေ့ကြုံရမည်ဖြစ်သကဲ့သို့ လုပ်ငန်းခွင်အတွင်း တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်စွမ်းလည်း လျော့နည်းသွားမည်ဖြစ်သည်။ ကျန်းမာရေးမကောင်းသော လူ့စွမ်းအားအရင်းအမြစ်များသည် စီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သည်။ ရောဂါများကြောင့် အလုပ်လုပ်နိုင်မှုလျော့နည်းခြင်း၊ ကျန်းမာရေးကုန်ကျစရိတ် မြင့်တက်လာခြင်းတို့ကြောင့် မိသားစုနှင့် နိုင်ငံတော်အပေါ် စီးပွားရေးဖိအားများတိုးပွားလာနိုင်သည်။ ကျန်းမာရေးသည် လူတစ်ဦး၏ဘဝတစ်လျှောက် ပညာသင်ယူနိုင်စွမ်းနှင့် စီးပွားရှာဖွေနိုင်စွမ်း တစ်နည်းအားဖြင့် အိမ်ထောင်စုဝင်ငွေတို့အပေါ် တိုက်ရိုက်လွှမ်းမိုးနေသည်။ ထို့ကြောင့် ကျန်းမာရေးသည် လူသားတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးသော လိုအပ်ချက်အဖြစ် သတ်မှတ်ရမည်ဖြစ်သည်။

ကုန်ထုတ်စွမ်းအားကို မောင်းနှင်သည့် ကျန်းမာသန်စွမ်းမှု

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ရာတွင် ကျန်းမာသန်စွမ်းသော လူ့အဖွဲ့အစည်းသည် အလုပ်လုပ်နိုင်စွမ်းအားကို မြင့်မားစေသော အဓိကအချက်ဖြစ်သည်။ ကျန်းမာသော အလုပ်သမားတစ်ဦးသည် အလုပ်ပျက်ကွက်မှုနည်းပါးပြီး ထုတ်လုပ်မှုစွမ်းအား ပိုမိုမြင့်မားသည့်အတွက် မိသားစုဝင်ငွေကို တိုးစေရုံသာမက နိုင်ငံ၏ဝင်ငွေတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်သည်။ အလားတူပင် ကလေးသေဆုံးမှုနှုန်းလျော့နည်းခြင်းနှင့် မိခင်များကျန်းမာခြင်းသည် အနာဂတ်မျိုးဆက်သစ်များ၏ ဉာဏ်ရည်နှင့် ကာယဗလဖွံ့ဖြိုးမှုအတွက် အာမခံချက်ဖြစ်သည်။ ကလေးဘဝတွင် အာဟာရပြည့်ဝစွာရရှိခြင်းသည် ထိုကလေး၏ အနာဂတ်တွင် သင်ယူနိုင်စွမ်းနှင့် ဝင်ငွေရရှိနိုင်စွမ်းကို သိသိသာသာမြင့်တက်စေသည့်အတွက် ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန် အခြေခံကျန်းမာရေးဝန်ဆောင်မှုများကို လူတိုင်းရရှိစေခြင်း Universal Health Coverage (UHC) စနစ်ကို အကောင်အထည်ဖော်ရန် လိုအပ်သည်။ ယင်းတွင် ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်နာလန်ထူထူထောင်ရေး စသည့် စောင့်ရှောက်မှုများအားလုံး ပါဝင်သည်။ ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီစွာ ရရှိနိုင်ခြင်းသည် လူ့ဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်ပြီး ဆင်းရဲမှုလျော့နည်းစေရန်လည်း အထောက်အကူပြုသည်။ ထို့ကြောင့် UHC သည် လူမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အခြေခံအုတ်မြစ်တစ်ခုဖြစ်လာသည်။ UHC ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အစိုးရ၏ ထောက်ပံ့မှု၊ ကျန်းမာရေးစနစ်၏ အရည်အသွေးမြှင့်တင်မှုနှင့် လူထု၏ ပူးပေါင်းပါဝင်မှုများ လိုအပ်သည်။

"သန့်ရှင်းသောပတ်ဝန်းကျင်နှင့် သောက်သုံးရေရရှိခြင်းသည် ကာကွယ်၍ရသည့်ရောဂါများကြောင့် သေဆုံးမှုကို လျော့ချပေးနိုင်သည်။ လူထုအတွင်း ကျန်းမာရေးအသိပညာမြင့်မားလာပါက အာဟာရမျှတစွာစားသုံးခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများကို လိုက်နာကျင့်သုံးလာခြင်းတို့ကြောင့် ရောဂါဘယကင်းဝေးလာမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များနှင့် ကူးစက်ရောဂါစောင့်ကြည့်ရေးစနစ်များကဲ့သို့သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများသည် ရောဂါကုသမှုကုန်ကျစရိတ်ကို သက်သာစေပြီး ပြည်သူလူထု၏ ပျမ်းမျှသက်တမ်းကို သိသိသာသာမြင့်တက်စေသည့် ထိရောက်သော နည်းလမ်းများဖြစ်သည်။ အလားတူပင် လူတစ်ဦးချင်းစီ၏ တာဝန်ယူမှုလည်း အရေးကြီးသည်။ ကျန်းမာရေးကောင်းမွန်စေရန် အာဟာရပြည့်ဝသော အစားအစာစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုများလုပ်ဆောင်ခြင်း၊ မူးယစ်ဆေးဝါးနှင့်ဆေးလိပ်ကို ရှောင်ရှားခြင်းတို့အား လိုက်နာရမည်ဖြစ်သည်။ ဤသို့ဖြင့် လူသားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များမြင့်မားလာကာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

"သန့်ရှင်းသောပတ်ဝန်းကျင်နှင့် သောက်သုံးရေရရှိခြင်းသည် ကာကွယ်၍ရသည့်ရောဂါများကြောင့် သေဆုံးမှုကို လျော့ချပေးနိုင်သည်။ လူထုအတွင်း ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများကို လိုက်နာကျင့်သုံးလာခြင်းတို့ကြောင့် ရောဂါဘယကင်းဝေးလာမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များနှင့် ကူးစက်ရောဂါစောင့်ကြည့်ရေးစနစ်များကဲ့သို့သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများသည် ရောဂါကုသမှုကုန်ကျစရိတ်ကို သက်သာစေပြီး ပြည်သူလူထု၏ ပျမ်းမျှသက်တမ်းကို သိသိသာသာမြင့်တက်စေသည့် ထိရောက်သော နည်းလမ်းများဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များနှင့် ကူးစက်ရောဂါစောင့်ကြည့်ရေးစနစ်များကဲ့သို့သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများသည် ရောဂါကုသမှုကုန်ကျစရိတ်ကို သက်သာစေပြီး ပြည်သူလူထု၏ ပျမ်းမျှသက်တမ်းကို သိသိသာသာမြင့်တက်စေသည့် ထိရောက်သော နည်းလမ်းများဖြစ်သည်။ အလားတူပင် လူတစ်ဦးချင်းစီ၏ တာဝန်ယူမှုလည်း အရေးကြီးသည်။ ကျန်းမာရေးကောင်းမွန်စေရန် အာဟာရပြည့်ဝသော အစားအစာစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုများလုပ်ဆောင်ခြင်း၊ မူးယစ်ဆေးဝါးနှင့်ဆေးလိပ်ကို ရှောင်ရှားခြင်းတို့အား လိုက်နာရမည်ဖြစ်သည်။ ဤသို့ဖြင့် လူသားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များမြင့်မားလာကာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

အတန်း မြင့်မားတိုးတက်ရေးသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအတွက် အခြေခံအကျဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ စိန်ခေါ်မှုများ

HDI တိုးတက်မှုနှုန်း နှေးကွေးနေသော နိုင်ငံများ၌ ဆေးရုံ၊ ဆေးခန်းများနှင့် ဆေးဝါးများ လုံလောက်စွာမရရှိခြင်း၊ မြို့ပြနှင့်ကျေးလက်ဒေသများကြား ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမီနိုင်မှု ကွာဟချက်များခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း စသည်တို့ကို တွေ့ရှိရသည်။ အထူးသဖြင့် ကျေးလက်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့် ကျန်းမာရေးဌာနများဝေးလံခြင်းတို့ကြောင့် ကာကွယ်ကုသ၍ရသော ရောဂါများဖြင့် အသက်ဆုံးရှုံးနေရမှုများသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော စိန်ခေါ်မှုများဖြစ်သည်။

လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစနစ်ဆီသို့

လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု အဆင့်အတန်းမြင့်မားလာစေရန် မည်သူတစ်ဦးတစ်ယောက်မျှ ငွေကြေးအခက်အခဲကြောင့် ကျန်းမာရေးစောင့်ရှောက်မှုကို လက်လွှတ်မခံရစေရန် အခြေခံကျန်းမာရေးဝန်ဆောင်မှုများကို လူတိုင်းရရှိစေခြင်း Universal Health Coverage (UHC) စနစ်ကို အကောင်အထည်ဖော်ရန် လိုအပ်သည်။ ယင်းတွင် ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်နာလန်ထူထူထောင်ရေး စသည့် စောင့်ရှောက်မှုများအားလုံး ပါဝင်သည်။ ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီစွာ ရရှိနိုင်ခြင်းသည် လူ့ဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်ပြီး ဆင်းရဲမှုလျော့နည်းစေရန်လည်း အထောက်အကူပြုသည်။ ထို့ကြောင့် UHC သည် လူမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အခြေခံအုတ်မြစ်တစ်ခုဖြစ်လာသည်။ UHC ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အစိုးရ၏ ထောက်ပံ့မှု၊ ကျန်းမာရေးစနစ်၏ အရည်အသွေးမြှင့်တင်မှုနှင့် လူထု၏ ပူးပေါင်းပါဝင်မှုများ လိုအပ်သည်။

ထို့ပြင် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် သောက်သုံးရေရရှိခြင်းသည် ကာကွယ်၍ရသည့် ရောဂါများကြောင့် သေဆုံးမှုကို လျော့ချပေးနိုင်သည်။ လူထုအတွင်း ကျန်းမာရေးအသိပညာမြင့်မားလာပါက အာဟာရမျှတစွာစားသုံးခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများကို လိုက်နာကျင့်သုံးလာခြင်းတို့ကြောင့် ရောဂါဘယကင်းဝေးလာမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များနှင့် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများကို လိုက်နာကျင့်သုံးလာခြင်းတို့ကြောင့် ရောဂါဘယကင်းဝေးလာမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များနှင့် ကူးစက်ရောဂါစောင့်ကြည့်ရေးစနစ်များကဲ့သို့သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများသည် ရောဂါကုသမှုကုန်ကျစရိတ်ကို သက်သာစေပြီး ပြည်သူလူထု၏ ပျမ်းမျှသက်တမ်းကို သိသိသာသာမြင့်တက်စေသည့် ထိရောက်သော နည်းလမ်းများဖြစ်သည်။ လူထုအတွင်း ကျန်းမာရေးအသိပညာမြင့်မားလာပါက အာဟာရမျှတစွာစားသုံးခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများကို လိုက်နာကျင့်သုံးလာခြင်းတို့ကြောင့် ရောဂါဘယကင်းဝေးလာမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များ

နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းဆောင်ရွက်

သဲကုန်း မေ ၂၄

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှကြီးမှူး၍ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းကို မေလ ၂၃ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးစောငြိမ်းသောင်းနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့်ပြီးသူ ဒေသခံပြည်သူ ၃၉၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်



ပြုလုပ်ပေးခြင်းနှင့် UID ကတ်များ လက်ဝယ်အရောက်ပေးအပ်သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။ ကိုကျော်(သဲကုန်း)

ကော့သောင်းမြို့၌ အသက် ၂၃ နှစ်အောက် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ကော့သောင်း မေ ၂၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရတ်အားကစားခန်းမ၌ ကော့သောင်းမြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မေလ ၂၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရွေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် Polairs အသင်းနှင့် Red Drivel အသင်းတို့ယှဉ်ပြိုင်ကြရာ Polairs အသင်းက အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းသန့်ဇင်က ဒုတိယဆုရရှိသော Red Drivel အသင်းကစားသမားများနှင့် အကောင်းဆုံးကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဇော်မင်းဦးက ပထမဆုရရှိသော Polairs အသင်းအား တံခွန်စိုက်ဆုဖလားပေးအပ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သရက်မြို့နယ်၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

သရက် မေ ၂၄

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အင်းမငယ်ကျေးရွာအုပ်စု ပေါက်ပင်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မေလ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ပေါက်ပင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများအား သတ်မှတ်



စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားကြရန် ပြောကြားသည်။

ပေါက်ပင်ကျေးရွာ၌ အရှည်ပေ ၃၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပုံပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၆၀ စုစုပေါင်း ငွေကျပ်သိန်း ၂၁၀ အသုံးပြု၍ ဌာနမှဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ဆက်လူ

အလင်းတံခါးဖွင့်

❖ အမြတ်ကယ် တံခွန်
အချွန်မှာ ကြိုင်ပျံ့ရှားပါတဲ့
နိုင်ငံ့သားကောင်း ဖြစ်ဖို့ရည်။
ကျောင်းတော်မြေ သာစခန်း
လှမ်းကြရမည်။
အပြုံးပန်း ပွင့်လန်းကြည်
တူညီညီဝတ်စုံနဲ့။
ကျောင်းသွားဖော် သူငယ်ချင်းတို့
ပျော်ခင်းသီဖွဲ့။

❖ ကျောင်းတော်မြေ စာသင်ခန်းက
သင်ခန်းစာအထွေထွေ။
ဆည်းပူးကာ လေ့လာဖတ်မှ
ဘဝမြတ်မလေ။
လူ့စွမ်းအား ရင်းမြစ်တွေ
ထွန်းသစ်ဝေ ဖွံ့ဖြိုးဖို့။
အဟုတ်ပ ပြုပြင်စွမ်းပါတဲ့
မနုဿ ဥယျာဉ်နန်းကို
မြန်းကြပါစို့။

❖ "နိုင်ငံတော် ဖွံ့ဖြိုးဖို့
အားပေးစို့မြတ်ပညာ"။
ဆောင်ပုဒ်မွန် အလေးအနက်
ဦးထိပ်ရွက်ကာ။
ဘဝလမ်းမှာ အဆင်ပြေလှစေဖို့
မသင်မနေရ မြတ်ပညာ
ရတနာတစ်ပါး။
အလှဖွဲ့ အစဉ်သာတွေးပါတဲ့
အခမဲ့ ပညာရေးကို
မနှေးသင်ကြား။

❖ ကျောင်းတော်မြေ ဝေဖြာတင့်
လေမှာလွင့် ခေါင်းလောင်းသံ။
အနာဂတ် မျိုးဆက်သစ်ကို
ခွန်းလှစ်ကြိုဟန်။
မိုးစက်ပွင့် ငွေမြားတံ
မနက်ဖြန်ပန်းတွေပွင့်။
အပေါင်းဖော်ဆွေအများတို့
ကျောင်းတော်မြေ အတူသွားကာ
အနာဂတ်အလင်းတံခါး
ကြိုးစားလို့ဖွင့်။ ။

မောင်ယုလွင်(သပြေ)

ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ အကြိမ်(၄၀)မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကျင်းပ



ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် အကြိမ် (၄၀) မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အောင်မြင်သူ ကျောင်းသား၊ ကျောင်းသူများအား စာအောင်ဆုနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကို မေလ ၂၃ ရက်က အမှတ်(၃၈)ရပ်ကွက် မင်္ဂလာအေးကျောင်းတိုက် သဇ္ဇမင်္ဂလာကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြို့နယ်သြဝါဒါစရိယ မင်္ဂလာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလက သြဝါဒကထာမြွက်ကြားကာ မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသူရိယက ဥယျောဇနကထာ ချီးမြှင့်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဝေနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များက စာအောင်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ကြသည်။

အကြိမ်(၄၀)မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၅၄ ဦး ဝင်ရောက်ဖြေဆိုကြပြီး သုံးဘာသာအောင်မြင်သူ ၂၅ ဦး၊ နှစ်ဘာသာအောင်မြင်သူ သုံးဦး၊ တစ်ဘာသာအောင်မြင်သူ ၁၄ ဦးရှိကြောင်းနှင့် သုံးဘာသာအောင်မြင်သူများအား နိုင်ငံတော်မှ အောင်လက်မှတ်များချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(၂၈၅)**

ကျိုက်ထီးရိုးစေတီတွင် ကောဘယ်လ်ကားများ သီတင်းကျွတ်မတိုင်မီ ပြန်လည်ပြေးဆွဲမည်

ကျိုက်ထို မေ ၂၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီတွင် ကောဘယ်လ်ကားများကို လာမည့်သီတင်းကျွတ်မတိုင်မီ ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း ကောဘယ်လ်ကားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

"မိုးရာသီကာလမှာတော့ မိုးရွာသွန်းတာနဲ့ မိုးကြိုးစက်ကွင်းအခြေအနေတွေကြောင့် မေလကစပြီး စက်တင်ဘာလအထိ ကောဘယ်လ်ကားပြေးဆွဲမှု ယာယီရပ်နားလေ့ရှိပါတယ်"ဟု ၎င်းကပြောသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးလာရောက်သည့် ပြည်သူများအဆင်ပြေစေရန် ကောဘယ်လ်ကားများကို ဗုဒ္ဓပူဇနိယပွဲတော်ကာလ သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ နှစ်စဉ်ပြေးဆွဲပေးလျက်ရှိသည်။

ကောဘယ်လ်ကားစီးနင်းခ နှုန်းထားအနေဖြင့် ပြည်တွင်းဘုရားဖူးခရီးသွားတစ်ဦးလျှင် အသွားခရီးတစ်ကြောင်း အတွက် ငွေကျပ်နှစ်သောင်း၊ အသွားအပြန် ခရီးအတွက် ငွေကျပ်သုံးသောင်း သတ်မှတ်ထားပြီး နိုင်ငံခြားသားတစ်ဦးလျှင် အသွားခရီးတစ်ကြောင်းအတွက် ၁၅ ဒေါ်လာ၊ အသွားအပြန်ခရီးအတွက် ဒေါ်လာ ၂၀ သတ်မှတ်ထားကြောင်း၊ ကောဘယ်လ်ကား ဝန်ဆောင်မှုအနေဖြင့် အစီးရေ ၄၄ တွဲ ပြေးဆွဲပေးပြီး ကားတစ်တွဲလျှင် ခရီးသည် ရှစ်ယောက်အထိ တင်ဆောင်နိုင်ကြောင်း သိရသည်။ **ခန့်ခန့်**

မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းဆောင်ရွက်

ညောင်ဦး မေ ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဌာနဆိုင်ရာရုံးများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ရက် ၁၀၀ စီမံချက်ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မေလ ၂၃ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးသို့သွားရောက်၍ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေးဆွေးနွေးဟောပြောပြီး ရုံးအဆောက်အအုံများနှင့် ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၌ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသော မီးသတ်ဆေးဘူးများ ကြိုခိုင်ကောင်းမွန်မှု ရှိ၊ မရှိ၊ အရေးပေါ်မီးငြိမ်းသတ်ရေးအတွက် ရေသိုလှောင်ထားမှုများနှင့် လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်တွေ့ကြုံလာပါက စနစ်တကျမီးငြိမ်းသတ်နိုင်ရေးအတွက် မီးငြိမ်းသတ်ရေးပစ္စည်းများအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းစနစ်များကို ဇာတ်တိုက်လေ့ကျင့်သရုပ်ပြကြကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



ပန်းတောင်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)မျိုးစေ့များကြဲပက်



ပန်းတောင်း မေ ၂၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး ရည်ရွယ်၍ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) မျိုးစေ့များ ကြဲပက်ခြင်းကို နတ်မောက်ကျေးရွာအုပ်စု နဝဒေးလမ်းမကြီး လမ်းဘေး ဝဲ၊ ယာတစ်လျှောက်၌ မေလ ၂၃ ရက်က ဆောင်ရွက်သည်။

အဆိုပါ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ကြဲပက်ခြင်းလုပ်ငန်းကို ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသင်းနှင့် ဝန်ထမ်းများက ဦးဆောင်၍ ဆောင်ရွက်ကြသည်။

သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) သည် မြေဆီလွှာအတွင်းရှိ အာဟာရဓာတ်များကိုကောင်းမွန်စေပြီး မြေသားဖွဲ့စည်းပုံကိုလည်း ကောင်းမွန်စေသည့်အပြင် မြေဆီလွှာပျက်စီးမှုကို လျော့နည်းစေကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် လမ်းဘေး ဝဲ၊ ယာ၌ ကြဲပက်စိုက်ပျိုးခြင်းဖြင့် မြေပြိုမှုလျော့နည်းစေခြင်း၊ ဖုန်မှုန့်ပျံနှံမှုလျော့ချနိုင်ခြင်းနှင့် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းပေါ်ပေါက်လာစေခြင်း စသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများအား သဘာဝမြေဩဇာအသုံးပြုမှု အကျိုးကျေးဇူးများကို သိရှိနားလည်လာစေရေး၊ ဓာတ်မြေဩဇာလျော့ချအသုံးပြုစေရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝနှင့်ကိုက်ညီသောစနစ်များ ပိုမိုအသုံးပြုနိုင်စေရေးအတွက် အသိပညာပေးလုပ်ငန်းများနှင့် လက်တွေ့ဆောင်ရွက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

ဘားအံ မေ ၂၄

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးပေးခြင်းကို မေလ ၂၄ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဘကြည်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၄၅ သိန်းကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးကြောင်း သိရသည်။

ကိုသက်



သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုမ်နင်းရေးကို ပြည်သူလူထုပါဝင်သော လှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်



နေပြည်တော် မေ ၂၄

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး၌ မိုးရာသီတွင်ဖြစ်ပွားတတ်သောရောဂါများ ကာကွယ်နိုမ်နင်းရေးကို ပြည်သူလူထုပါဝင်သောလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် မရမ်းကုန်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန် ခြင်ကျား ပိုးလောက်လမ်းနိုမ်နင်းရန်အတွက် (ဖုံး၊ သွန်၊ လဲ၊ စစ်)လုပ်ငန်းများ၊ ခြင်လောက်လမ်းသေဆေး(အဘိတ်)ခတ်ခြင်းလုပ်ငန်းများ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်စေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာမျှဝေခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မရမ်းကုန်းမြို့နယ်အမှတ်(၁) ရပ်ကွက် မိုးကောင်းဓမ္မာရုံ၌ သန်လျင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဦးဆောင်သော အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှု မျက်စိရောဂါအထူးကုဆေးရုံကြီး-ရန်ကုန်မှဆေးရုံအုပ်ကြီးနှင့် မျက်စိရောဂါ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက ဉာဏ်ရည်တု(AI)နည်းပညာသုံး မျက်စိစမ်းသပ်စစ်ဆေးပေးမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

ရွှေဦးဝဒ္ဓစားသောက်ကုန်လုပ်ငန်းနှင့် MSME လုပ်ငန်းများအတွက် အောင်မြင်ရေးအလေ့အကျင့်ကောင်းများကို လက်တွေ့အသုံးချနိုင်ရေး သင်တန်းဖွင့်လှစ်နေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)ဥတ္တရသီရိမြို့နယ် ငန်းစပ်ကျေးရွာရှိ ရွှေဦးဝဒ္ဓစားသောက်ကုန်လုပ်ငန်း၏ ဝဒ္ဓမှအချို့ရည်၊ ဝဒ္ဓဂျယ်လီ၊ ဝဒ္ဓခေါက်ဆွဲခြောက်များ ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းဖြစ်၍ ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်(GMP)လမ်းညွှန်ချက်များနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် ပညာရှင်များနှင့် MSME လုပ်ငန်းရှင်များကိုချိတ်ဆက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ်(၃၀)တွင် ဖွင့်လှစ်လျက်ရှိသည့် MSME လုပ်ငန်းများအတွက် အောင်မြင်ရေးအလေ့အကျင့်ကောင်းများကို လက်တွေ့အသုံးချနိုင်ရေး သင်တန်းဖွင့်လှစ်နေမှုဥတ္တရသီရိမြို့နယ်ရှိ Mr. Bamboo အဆင့်မြင့်တစ်ခါသုံး ဝါးတူစက်ရုံ၌ ဝါးတူများထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ



၂၀၂၆ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10}) ၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	ဆာလဖာဒိုင် အောက်ဆိုဒ်	နိုက်ထရိုဂျင် ဒိုင်အောက်ဆိုဒ်	အိုဇုန်း	ကာဗွန် မိုနောက်ဆိုဒ်
၁	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၂	အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဇုံဟိုင်ဘာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့်ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်းသုံးသပ်ရရှိပါသည်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

ထူးခြားသည့်နေ့အပူချိန်များ

၂၄-၅-၂၀၂၆

ချောက်	၄၁	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
ရေဦး	၄၀	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
ညောင်ဦး	၃၉	ဒသမ	၂	ဒီဂရီဆဲလ်စီးယက်
ပခုက္ကူ	၃၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
မြင်းမူ	၃၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
ဆင်ဖြူကျွန်း	၃၈	ဒသမ	၁	ဒီဂရီဆဲလ်စီးယက်
တံတားဦး (လေကြောင်းမိုးလေဝသ)	၃၇	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်
ဂန့်ဂေါ	၃၇	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
မြင်းခြံ	၃၆	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်
မုံရွာ	၃၆	ဒသမ	၇	ဒီဂရီဆဲလ်စီးယက်
ကလေး	၃၆	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅°c	/	၃၃°c
ရန်ကုန်	၂၄°c	/	၃၄°c
မန္တလေး	၂၆°c	/	၃၅°c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေသည့်အခြေအနေများအား ပြည်သူများသို့ အသိပေးတင်ပြခြင်း




ဓာတ်အားပေးစက်ရုံများသို့ ပို့လွှတ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဖျက်ဆီးခံရမှုကိုတွေ့ရစဉ်။



ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုကိုတွေ့ရစဉ်။

ဓာတ်အားစနစ် ကွန်ရက်အခြေပြပုံ



ဝန်ပို့များ ထမ်းဆောင်နေရသည့် လက်ရှိအသုံးပြုနေသည့် ဓာတ်အားလိုင်းများ

ဖျက်ဆီးခံထားရသည့် ဓာတ်အားလိုင်းများ (၂၆.၁၇ %)



လျှပ်စစ်ဓာတ်အားစနစ် ပြင်ဆင်နေမှုများကိုတွေ့ရစဉ်။



ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုကိုတွေ့ရစဉ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများ လျှပ်စစ်နှင့်စွမ်းအင်ကို ကြောင့်ကြကင်းစွာ အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် စီမံကိန်းများအနက်အချို့သည် အမျိုးမျိုးသော နှောင့်ယှက်ဟန့်တားမှု၊ ပယောဂများကြောင့် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိဘဲ ပြည်သူလူထုလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းခန့်သာထုတ်လုပ်ပေးနိုင်လျက်ရှိပါသည်။

တစ်ဖက်တွင်လည်း ပြည်သူလူထု၏သုံးစွဲလိုမှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လာသည်ဖြစ်ရာ ဝန်နှင့်အား မမျှတော့ဘဲ ရုန်းကန်နေရသည့်အခြေအနေဖြစ်ပါသည်။

လျှပ်စစ်ထုတ်လုပ်မှု၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံများတွင် ပြန်လည်အသုံးပြုရပြီး ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် ရှည်လျားစွာ သွယ်တန်းထားရသည့် မဟာဓာတ်အားလိုင်းကြီးများတစ်လျှောက် အလိုအလျောက်ဆုံးရှုံးသွားသဖြင့် သုံးစွဲသူပြည်သူများထံသို့ ရောက်ရှိခြင်းမရှိတွင် ထုတ်လုပ်မှု၏ ၈ ရာခိုင်နှုန်းခန့်သည် သဘောသဘာဝအရ လျော့နည်းနေမည်ဖြစ်ပါသည်။

ထို့အပြင် အချို့သော ဓာတ်အားထုတ်လုပ်မှု အရင်းအမြစ်များ၊ ဓာတ်အားခွဲရုံများ မဟာဓာတ်အားလိုင်းကြီးများသည် အကြမ်းဖက်ဖျက်ဆီးခံထားရသဖြင့် အပြည့်အဝအသုံးပြုနိုင်မှု မရှိတော့သည့်အတွက် ကျန်ရှိသည့် ဓာတ်အားခွဲရုံများနှင့် မဟာဓာတ်အားလိုင်းကြီးများသည် ဝန်ပိုများထမ်းဆောင်နေကြရသည်ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု ကွန်ရက်ကြီးသည် နည်းပညာဆိုင်ရာ စွန့်စားရမှုများစွာနှင့်အတူ ပြည်သူများ၏ လိုအပ်ချက်ကို ကြိုးစားဖြည့်ဆည်းနေရသည့် အခြေအနေဖြစ်ပါသည်။

ဖျက်ဆီးခံရမှုများကို မြန်မာ့တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအစောင့်အရှောက်နှင့် ပြည်သူများ၏အကူအညီများရယူ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများသည် စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်များနှင့် ရာသီအချိန်မရွေး ပြင်ဆင်ပေးလျက်ရှိနေကြပါသည်။

ယင်းသို့ ပြင်ဆင်သည့် အချိန်များတွင်လည်း သွားရောက်ရာ လမ်းတစ်လျှောက်မိုင်းထောင်ထားခြင်း၊ ပြင်ဆင်နေစဉ်လာရောက်နှောင့်ယှက်တိုက်ခိုက်ခြင်း၊ ပြင်ဆင်ပြီးပြန်မည့်လမ်းတစ်လျှောက်တွင် မိုင်းများထောင်ထားခြင်းတို့ကြောင့် အချို့ဝန်ထမ်းများသေဆုံးခြင်း၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။

ယင်းသို့ဖြစ်ပေါ်နေသည့် အခက်အခဲများကြားမှပင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နည်းပညာဆိုင်ရာအခက်အခဲများကို ဖြေရှင်းကျော်လွှားခြင်း၊ မသမာမှုဆောင်ရွက်နေခြင်းများကို ဖော်ထုတ်ဖြေရှင်းခြင်းတို့ကို အလေးထားဆောင်ရွက်နေသည့်အတွက် ရေလှောင်တမံများ၏ သိုလှောင်ထားမှုအမှတ် အနိမ့်ဆုံးရောက်ရှိနေသည့် ယခုအချိန်ကာလများတွင်ပင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိပါသည်။

နိုင်ငံတော်၏လျှပ်စစ်နှင့်စွမ်းအင်အရင်းအမြစ်များ၊ အခြေခံအဆောက်အဦများသည် နိုင်ငံတစ်ဝန်းဖြန့်ကြက်တည်ရှိနေသည်ဖြစ်ရာ ပြည်သူလူထုအနေဖြင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ခြင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အသိပေးတင်ပြချက်များအားဖတ်ရှု၍ လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးတင်ပြအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ဉာဏ်စွမ်းရည်ပြိုင်ပွဲများကျင်းပ



ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ် ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့က စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ဉာဏ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇာထွန်းက ဉာဏ်စွမ်းရည်ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောင်းသား၊ကျောင်းသူများက ကဗျာရွတ်ဆို၊ ပုံပြော၊ ဉာဏ်စမ်းပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်များ ယှဉ်ပြိုင်ကြရာ အကောင်းဆုံးယှဉ်ပြိုင်နိုင်သော ကျောင်းသား၊ကျောင်းသူများအား တာဝန်ရှိသူများက ဆုလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

၂၄-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သဘာဝဘေးလျော့ပါးရေးအတွက် မိုးလေဝသနှင့်ဂြလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဆောင်ရွက်ချက်များ

ဒေါက်တာမြင့်မြင့်အေး
(မိုး/ဂြ)

မြန်မာနိုင်ငံသည် မုန်တိုင်းများဖြတ်ကျော်ဝင်ရောက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းနှင့် မိုးခေါင်ခြင်း စသောသဘာဝဘေးအန္တရာယ်များကို မကြာခဏကြုံတွေ့ရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုသဘာဝဘေးအန္တရာယ်များကြောင့် လူမှုစီးပွားကို များစွာထိခိုက်မှုများဖြစ်စေသည်သာမက လူတို့၏ အသက်အိုးအိမ်စည်းစိမ်များစွာကို သေကျေပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လေ့ရှိသဖြင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများမှာ လွန်စွာအရေးကြီးလှသည်။ မိုးလေဝသနှင့်ဂြလဗေဒညွှန်ကြားမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများကိုလျော့ပါးစေရန် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး မိုးလေဝသနှင့်ဂြလဗေဒဆိုင်ရာ သတင်းအချက်အလက်များအား လူမှုစီးပွားရေးနယ်ပယ်အသီးသီးတွင် သဘာဝဘေးအန္တရာယ်များ လျော့ချရန်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတို့အတွက် အထောက်အကူပြုစေရန် ဆောင်ရွက်လျက်ရှိသည်။

မိုးလေဝသနှင့်ဂြလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နေ့စဉ်မိုးလေဝသနှင့်ဂြလဗေဒခန့်မှန်းချက်၊ နေ့စဉ်ပင်လယ်ပြင်ခရီးနှင့် လေကြောင်းမိုးလေဝသခန့်မှန်းချက်များ၊ ထူးခြားမိုးလေဝသအခြေအနေများ၊ မိုးလေဝသနှင့်ဂြလဗေဆိုင်ရာ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခြင်း၊ ၁၀ ရက်ပတ်နှင့် လပတ်မိုးလေဝသနှင့်ဂြလဗေဒခန့်မှန်းချက်များ၊ မိုးရာသီကာလ ယေဘုယျခန့်မှန်းချက်၊ မိုးဦး/မိုးလယ်/မိုးနှောင်းကာလခန့်မှန်းချက်၊ ဆောင်းရာသီကာလ ယေဘုယျခန့်မှန်းချက်၊ အယ်လ်နီညို/ လာနီညာအခြေအနေသတင်း၊ မြေလျင်သတင်းနှင့် ဆူနာမီသတင်းထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မိုးလေဝသနှင့် ဂြလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ခန့်မှန်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှပေးပို့လာသော အဓိမိန်းချင်းနိုင်ငံများ၏ မြေပြင်မိုးလေဝသအချက်အလက်များနှင့် အထက်လေကြောင်းတိုင်းထွာချက်များ၊ မြန်မာနိုင်ငံအတွင်း မိုးလေဝသတိုင်းတာရေးစခန်းများနှင့်အလိုအလျောက် မိုးလေဝသတိုင်းတာရေးစခန်းမှ အချိန်နှင့်တစ်ပြေးညီ တိုင်းထွာရရှိသည့် တိကျသောမြေပြင်မိုးလေဝသအချက်အလက်များ၊ အထက်လေကြောင်းတိုင်းထွာချက်များ၊ ဂြိုဟ်တုတိမ်ပုံများ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားသော ဒေသတွင်း မိုးလေဝသအထူးပြုစင်တာကြီးများမှ ခန့်မှန်းချက်များကိုအသုံးပြု၍ လေ့လာဆန်းစစ်မှုများဆောင်ရွက်သကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသအချက်အလက်များကို အသုံးပြုထားသော သံချာပုံစံပြုမော်ဒယ်များဖြစ်သည့် အင်္ဂလန်နိုင်ငံရှိ European Centre for Medium-Range Weather Forecasts (ECMWF) မော်ဒယ်၊ အမေရိကန်နိုင်ငံရှိ National Hurricane Center မှ Global Forecasting Model (GFS) များနှင့် မိုးလေဝသနှင့်ဂြလဗေဒညွှန်ကြားမှုဦးစီးဌာနဌာနပိုင် Weather Research and Forecasting (WRF) မော်ဒယ်များဖြင့် တွက်ထုတ်ရရှိလာသော မုန်တိုင်းလမ်းကြောင်းအသီးသီးတို့ကိုအသုံးပြု၍ မြန်မာ့ကမ်းရိုးတန်းဒေသအပါအဝင် တစ်နိုင်ငံလုံးဖြန့်ကြက်တည်ထောင်ထားသော မိုးလေဝသတိုင်းတာရေးစခန်းများမှ တိုင်းတာရရှိသော ခိုင်မာသော မှတ်တမ်းအချက်အလက်များအပေါ်အခြေခံ၍ တိကျမှန်ကန်သော ခန့်မှန်းချက်များကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ကျောက်ဖြူမြို့တို့၌ မုန်တိုင်းပြရေဒါများ တပ်ဆင်ထားရှိကာ မုန်တိုင်းခန့်မှန်းခြင်း၊ ဂြိုဟ်တုတိမ်ပုံဖမ်းစက်များဖြင့် တိမ်ပုံများဖမ်းယူရရှိပြီး ခေတ်မီနည်းစနစ်များဖြင့် လေ့လာဆန်းစစ်ခြင်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မိုးလေဝသတိုင်းထွာရေးစခန်းများမှလည်း တစ်နာရီလျှင် တစ်ကြိမ်နှုန်းဖြင့် မြေပြင်မိုးလေဝသအခြေအနေများအား တိုင်းတာ၍ နေပြည်တော် (ရုံးချုပ်)သို့ အချိန်နှင့်တစ်ပြေးညီပေးပို့ခြင်း၊ အိန္ဒိယနိုင်ငံရှိ ဒေသဆိုင်ရာ အထူးမိုးလေဝသခန့်မှန်းရေးဗဟိုဌာနမှလည်း ဖြစ်ပေါ်နေသော မုန်တိုင်းနှင့် ပတ်သက်သည့် ၎င်းတို့ထုတ်ပြန်ထားသော ထူးခြားသည့်အခြေအနေနှင့် မုန်တိုင်းသတင်းများကို Gmail ဖြင့်လည်းကောင်း၊ Whatsapp ဖြင့်လည်းကောင်း ပေးပို့ခြင်းများကိုအခြေခံ၍ တိကျမှန်ကန်သော ခန့်မှန်းချက်များကို ထုတ်ပြန်နိုင်ရန်အတွက် နေပြည်တော် (ရုံးချုပ်)၌ ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာနတည်ထောင်ကာ ၂၄ နာရီအချိန်ပြည့်စောင့်ကြည့်၍ ခန့်မှန်းချက်၊ သတင်းနှင့်သတိပေးချက်များကို ထုတ်ပြန်ပေးလျက်ရှိသည်။ ထို့ပြင် သဘာဝဘေးလျော့ပါးစေရန်အတွက် မုန်တိုင်း၏ အရှိန်ကြောင့် မိုးရွာသွန်းနိုင်မှုအခြေအနေ၊ မုန်တိုင်း၏ လက်ရှိလမ်းကြောင်းနှင့် ခန့်မှန်းချက်လမ်းကြောင်းကိုပါ ထည့်သွင်းဖော်ပြပေးကာ မုန်တိုင်းသတိပေးချက်၊ သတိပေးရှိုးဆော်ချက်များနှင့် အကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။ ထိုသို့ခန့်မှန်းရာတွင် သံချာပုံစံပြုမော်ဒယ်များသည် လက်ရှိပတ်ဝန်းကျင်တွင်ဖြစ်ပေါ်နေသော ရာသီဥတု၊ မိုးလေဝသအခြေအနေကိုအခြေခံ၍ ထွက်ချက်ထားသည်။ လေထု၊ ရေထုအခြေအနေများမှာ အချိန်နှင့်အမျှ ပြောင်းလဲနေသဖြင့် ခန့်မှန်းချက်များသည် ရက်ဝေးလွန်းပါက မသေချာ၊ မရေရာမှုများဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် အသုံးပြုသော သံချာပုံစံပြုမော်ဒယ်၊ တိုင်းထွာသည့်အချိန်၊ အသုံးပြုသည့် မှတ်တမ်းအချက်အလက်များအပေါ်မူတည်ပြီး အချိန်နှင့်အလိုက် မုန်တိုင်းလမ်းကြောင်းအမျိုးမျိုးပြောင်းလဲနိုင်ကြောင်းကိုလည်း သိရှိထားရန်လိုအပ်သည်။

ယခုအချိန်ကာလသည် သတင်းအချက်အလက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည့်ကာလဖြစ်သည့်အတွက် မုန်တိုင်းကာလများတွင် မိုးလေဝသနှင့် ဂြလဗေဒဆိုင်ရာအချက်အလက်များ၊ ခန့်မှန်းချက်များအား ဆိုရှယ်မီဒီယာ၊ Web Page များမှ တစ်ဆင့် လွယ်ကူစွာရယူပြီး တိကျမှန်ကန်မှုမရှိသော ခန့်မှန်းချက်များကို ပြည်သူများထံသို့ လွယ်ကူစွာရေးသားဖော်ပြခြင်း၊ လွယ်ကူစွာဖျက်သိမ်းပစ်ခြင်းတို့ကို တွေ့ရှိနေရသည်။ ပြည်သူများ စိုးရိမ်ထိတ်လန့်စေမည့် ကောလာဟလသတင်းများ၊

> **✣ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားခြင်းမရှိသော လွတ်လပ်စွာဝင်ရောက်ကြည့်ရှုနိုင်သည့် ဆိုရှယ်မီဒီယာ၊ Web Page များမှ အချက်အလက်များဖြင့်သာ အလွတ်သဘောရေးသားဖော်ပြနေခြင်းမှာ ပြည်သူလူထုအတွက် "ဆေးမဖြစ်စေဘဲ ဘေးဖြစ်စေနိုင်" သည်ကိုလည်း ပြည်သူများအနေဖြင့် အထူးသတိပြုရန်လို . . .**
>
> **✣ ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်များကို နိုင်ငံ၏ တရားဝင်ထုတ်ပြန်ခွင့်ရှိသော မိုးလေဝသနှင့်ဂြလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားသော မိုးလေဝသအထူးပြုဝက်ဘ်ဆိုက်များမှ ခန့်မှန်းချက်များကိုသာ ယုံကြည်စွာစောင့်ကြည့်သင့်သည်။ . . .**

ထိုကဲ့သို့ ကိုယ်ရေးကိုယ်တာ ဆန္ဒအလျောက် ဖန်တီးထားသော အတုအယောင်သတင်းများကို ယုံကြည်စွာဖြင့် ဆက်လက်ဖြန့်ဝေခြင်းများသည် ပြည်သူများအတွက် စိုးရိမ်ထိတ်လန့်စရာကောင်းသော အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်များကို နိုင်ငံ၏ တရားဝင်ထုတ်ပြန်ခွင့်ရှိသော မိုးလေဝသနှင့် ဂြလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားသော မိုးလေဝသအထူးပြုဝက်ဘ်ဆိုက်များမှ ခန့်မှန်းချက်များကိုသာ ယုံကြည်စွာစောင့်ကြည့်သင့်သည်။ ထို့ပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအလိုက် ဖွဲ့စည်းထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ ကြီးကြပ်လမ်းညွှန်မှုများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်အသွယ်သွယ်မှ ဘေးကင်းနိုင်စေရေး အထူးသတိပြုဂရုစိုက်ဆောင်ရွက်ရန် လိုအပ်သည်။ သို့မှသာ တရားမဝင်ကောလာဟလများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို တားဆီး၍မရနိုင်သော်လည်း ကြိုတင်သတိပြုခြင်း၊ ခန့်မှန်းချက်၊ သတိပေးချက်နှင့် အကြံပြုချက်များကို လိုက်နာခြင်းနှင့် အချိန်မီတုံ့ပြန်ဆောင်ရွက်ခြင်းတို့သည် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်ရန်အတွက် အဓိကကျသောအချက်များဖြစ်သည်။ ထို့ကြောင့် မိုးလေဝသနှင့် ဂြလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ခန့်မှန်းချက်များ၊ ကြိုတင်သတိပေးချက်များနှင့် အကြံပြုချက်များကို သိရှိနားလည်ကြပြီး ကြိုတင်သတိပြုစောင့်ကြည့်၍ ဘေးကင်းနိုင်စေဖို့ကို အထူးသတိပြုဂရုစိုက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ကြရာတွင် ကြိုတင်သတိပြုဆင်ခြင်၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

သီဟရာဇာအလိုတော်ပြည့်စေတီတော်မြတ်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပ



ပုသိမ် မေ ၂၄


ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ကညင်ချောင်းကျေးရွာ မြစိမ်းရောင်တောင်တော် သာသနာ့နယ်မြေရှိ သီဟရာဇာအလိုတော်ပြည့်စေတီတော်မြတ်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီးတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ ထီးတော်ဘုံအဆင့်ဆင့်နှင့် ဆတ်သွားဖူး၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်အား ပန်းရထားဖြင့် ပင့်ဆောင်ဆက်ကပ်လှူဒါန်း၍ထီးတော်တင်ကြပြီး ကျောက်စာတိုင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဆက်လက်ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘည်းမော်ကွန်းတင်ကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွေးနုံသာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက်နိဒ်ဆေတော်ဆံဃမဟာနာယကအဖွဲ့ဝင် အလယ်တောရဆရာတော် ဘဒ္ဒန္တ ပညာသီဟထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားများနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဆရာတော်သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရန်ကုန်စီးပွားရေးတက္ကသိုလ်ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ) ဥပဓိရုပ်ကောင်းမွန်ရေးနှင့် တက္ကသိုလ်မုခ်ဦး၊ ရေကန်များနှင့် မြေယာရှုခင်းများကို ကြည့်ရှုသည်။

ထို့နောက် ပင်မဆောင်အစည်းအဝေးခန်းမ၌ တက္ကသိုလ်၏ Master Plan နှင့် စာသင်ဆောင်၊ အိပ်ဆောင်လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးပြီး စာသင်ဆောင်၊ စာသင်ခန်း၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အိပ်ဆောင်များတည်ဆောက်ရန် လျာထားသည့် မြေနေရာများနှင့် အပန်းဖြေရိပ်သာ၊ အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)ပင်မဆောင်ရှိစာကြည့်တိုက်၊ စာသင်ခန်းများကို ကြည့်ရှုကာ မဟာဘွဲ့ကျမ်းပြုစာမေးပွဲစစ်ဆေးနေမှုကိုအားပေးပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ) ရှိ စာသင်ခန်းများ၊ Theatre များ၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ပရိဝုဏ် အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများကို လှည့်လည်စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဌာနဆိုင်ရာများစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကြည့်ရှုအားပေး



မကွေး မေ ၂၄

မကွေးတိုင်းဒေသကြီးအတွင်းရှိအခြေခံပညာကျောင်းများတွင် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများသည် မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး အချို့ရည်၊ မုန့်နှင့် သောက်ရေသန့်များ ဝေငှပေးသည်။

ယင်းနောက် မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် မေလ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းအပ်လက်ခံဆောင်ရွက်ရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီးအတွင်းရှိ သစ်တောစိုက်ခင်းများ၊ ပျိုးဥယျာဉ်များအား ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးသည် ယမန်နေ့က မင်းဘူးမြို့နယ် ကန်ရေပျိုးဥယျာဉ်နှင့် ရွှေတပင်အမြဲတမ်းပျိုးဥယျာဉ်တို့တွင် ပျိုးပင်များ ရှင်သန်အောင်မြင်မှုနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများအတွက် မြေနေရာပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်းဘူးမြို့နယ် ရွာသာယာကျေးရွာရှိဒေသခံပြည်သူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရေးနှင့် သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးပြီး ဒေသခံပြည်သူများအတွက် စွမ်းအားမြှင့်အေဝမ်းမီးဖိုများ၊ ရွာသာယာအထက်တန်းကျောင်းစာကြည့်တိုက်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်များနှင့် လစဉ်ထုတ်သစ်တောကြေးမုံစာစောင်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မကွေးမြို့နယ် ဒေါင်းနေ (တိုးချဲ့) ကြိုးပြင်ကာကွယ်တောအတွင်းရှိ (၁/၂၀၂၆) အထူးစိမ်းကွက်လပ်ဖြည့်စိုက်ခင်း၊ မကွေး–ရေနံချောင်း ကားလမ်းမိုင်တိုင်အမှတ် (၃၄၀/၂) အနီးလမ်းဘေး၀ဲ/ယာတွင် တည်ထောင်စိုက်ပျိုးထားသည့် အပင် ၄၀၀ စိုက်ခင်းကိုလည်းကောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ (၂၀၂၄/၂၀၂၅) မိုးရာသီတွင် စိုက်ပျိုးခဲ့သော လမ်းဘေး၀ဲ/ယာစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများရှင်သန်အောင်မြင်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

ဘားအံမြို့နယ် မုက္ကဒိကျေးရွာ၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံ

ဘားအံ မေ ၂၄

ကရင်ပြည်နယ် ဘားအံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ရက် ၁၀၀ စီမံချက် အရ တိရစ္ဆာန် ကူးစက် ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဘားအံမြို့နယ် မုက္ကဒိကျေးရွာသို့ သွားရောက်၍ မွေးမြူထားသော တိရစ္ဆာန်များအား ကူးစက်ရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးခဲ့ကြသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဘားအံမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစောဖောင်ဟိန်နှင့် ဝန်ထမ်းများက မုက္ကဒိကျေးရွာ အထက်ပိုင်း၊ အလယ်ပိုင်းနှင့်အောက်ပိုင်းရှိ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် တိရစ္ဆာန်များတွင် ကူးစက်ဖြစ်ပွားတတ်သော ရောဂါများနှင့် ရောဂါလက္ခဏာများ၊ ကူးစက်ရောဂါ မဖြစ်ပွားစေရေး လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကောင်းများကို ဆွေးနွေးပြောကြားခဲ့ပြီး ၎င်းတို့မွေးမြူထားသော ကျွဲ၊ နွားများကို တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများထိုးနှံပေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

အင်္ဂလန် ပရီးမီးယားလိဂ် ဘောလုံးပွဲ ရလဒ်များ

ဘရိုက်တန်	၀-၃	မန်ယူ
ဘန်လေ	၁-၁	ဝုလ်ဗ်
ပဲလေ့	၁-၂	အာဆင်နယ်
လီဗာပူး	၁-၁	ဘရန့်ဖို့
မန်စီးတီး	၁-၂	ဗီလာ

ဆန်းဒါးလန်း	၂-၁	ချဲလ်ဆီး
စပါး	၁-၀	အဲဗာတန်
ဝက်စ်ဟမ်း	၃-၀	လီဒ်
နော်တင်ဟမ်	၁-၁	ဘုန်းမောက်
ဖူဟမ်	၂-၀	နယူးကာဆယ်







▲ ကျောဖုံးမှအဆက်

ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ပြုပြင်တည်ဆောက်ရမည့်လုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံအစရှိသည့်တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မန္တလေးမြို့မှလည်းကောင်း၊ နေရပ်များသို့ ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူများသို့ထောက်ပံ့မည့် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများပါဝင်သည့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို နေပြည်တော်မှလည်းကောင်း ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

ယနေ့တွင် ဘိလပ်မြေ ၁၀ တန်၊ အမိုးသွပ် ၁၀ တန်၊ လိုအပ်သော သွပ်ရိုက်သံ ၁၂၃ ပိသာကျော်နှင့် ကယ်ဆယ်ထောက်ပံ့ပစ္စည်း ၃ တန်ကျော်တို့ကိုပေးပို့ခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက်ဖြန့်ခွဲထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ဒေသ၏လိုအပ်ချက်များအပေါ်မူတည်ပြီး ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇာနည်ကိုကို(ပြန်/ဆက်)

မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကျင်းပ

မန္တလေး မေ ၂၄

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက် ၈၈ လမ်း၊ ၁၇ လမ်းနှင့် ၁၈ လမ်းကြားရှိ ရွှေပြည်ပုလဲမြင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ယနေ့နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးခန့်မင်းထက်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းတင်နှင့် ရာအိမ်မှူးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ သံဃာတော်များနှင့် ဆရာ၊ ဆရာမများ စုစုပေါင်း ဖ၅၅ ဦးခန့်တက်ရောက်ကြသည်။

ထို့နောက် ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်က မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ 191 Report Application အသုံးပြုတတ်စေရန်ပြသခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များဝေငှခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုလက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းများဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၂)



(၁၄)ကြိမ်မြောက် နွေရာသီ ရာမညနိုင်ငယမွန်စာပေနှင့် ဗုဒ္ဓယဉ်ကျေးမှု ဆုပေးပွဲအခမ်းအနားကျင်းပ

ဘားအံ မေ ၂၄

၂၀၂၆ ခုနှစ် (၁၄)ကြိမ်မြောက် နွေရာသီ ရာမညနိုင်ငယမွန်စာပေနှင့် ဗုဒ္ဓယဉ်ကျေးမှု ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဘားအံမြို့ အိန္ဒမွန်ကျောင်းကြီး၌ကျင်းပရာ မွန်စာပေနှင့် ဗုဒ္ဓယဉ်ကျေးမှုအသင်းနာယက အိန္ဒမွန်ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမအမှူးပြုသော ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဆရာတော်ကြီးများနှင့်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွှန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က နမောတဿသုံးကြိမ်ရွတ်ဆို ပူဇော်၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့သည် အိန္ဒမွန်ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ် အစိုးရအနေဖြင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားရေး လက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့်တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝမြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့်လုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်နိုင်ငံတော်မှလိုအပ်သည့် အကူအညီအထောက်အပံ့များကို နှစ်စဉ်ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း၊ မတူကွဲပြားမှုများသည် အရောင်အသွေးစုံလင်လှပသော အလှတရားများပင်ဖြစ်ပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းစွာ ထာဝစဉ်တည်မြဲရန်အတွက် တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်စွာနှင့် ရင်းနှီးချစ်ကြည်စွာ အတူလက်တွဲနေထိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နွေရာသီ မွန်စာပေနှင့် ဗုဒ္ဓယဉ်ကျေးမှု ဆုပေးပွဲအတွက် ငွေကျပ်သိန်း ၃၀၀ ကို အိန္ဒမွန်ကျောင်းဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(၄၀၆)

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မွေးမြူရေးဇုန်များအကောင်အထည်ဖော်ဆောင်ရွက်စေခြင်းသည် အသား၊ ငါးများနှင့် ဥအမျိုးမျိုးတို့အား စျေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်၊ စားရေရိက္ခာဖူလုံပေါများစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရွှေမြို့မွေးမြူရေးဇုန်အတွင်းရှိ နယ်မြေခံတပ်ရင်း၊ ဝက်မွေးမြူရေးခြံတွင် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

❖ ဝက်မျိုးများအား ပြည်ပမှတင်သွင်းမွေးမြူခြင်းထက် မိမိကိုယ်တိုင်မျိုးထုတ်၍ တိုးချဲ့မွေးမြူ၊ အောင်မြင်ပြီးဖြစ်သည့် ဝက်မွေးမြူရေးလုပ်ငန်းများ၏ လုပ်ငန်းစနစ်များကိုလည်းလေ့လာ၍ သုတေသနပြုဆောင်ရွက် . . .

❖ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့်အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားခသက်သာစေရေးအတွက် အညစ်အကြေးအား ပြန်လည်သိုလှောင်၍ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးထုတ်လုပ်သုံးစွဲမှုစနစ် (Biogas Generator System)ကိုလည်း ဆောင်ရွက်၍ရနိုင် . . .

❖ အစာထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း နေဗီယာမြက်များ၊ ဒေသတွင်းမှထွက်ရှိသည့်ပြောင်းများကို ရောစပ်အစာပြုလုပ်ခြင်း၊ ချဉ်ဖတ်လုပ်၍ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်နိုင် . . .



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တပ်ကုန်းမြို့နယ်၊ အမှတ်(၁)ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ ဦးတွမ်ခင်ဝင်း၏ ဖန်ဟွ နို့စားနွားမွေးမြူရေးခြံအား ကြည့်ရှုစစ်ဆေးစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ စနစ်ကျနသည့် မွေးမြူရေးစနစ်ဖြစ်စေရေး ကနဦးဆောင်ရွက်သွားရန်လိုပြီး ထိုမှတစ်ဆင့် ခေတ်မီမွေးမြူရေးစနစ်သို့ သွားရမည်ဖြစ်ကြောင်း၊ အစာစနစ်၊ ရေစနစ်များကိုလည်း စတင်မွေးမြူစဉ်ကတည်းကပင် စနစ်တကျဖြစ်ရန်လိုပြီး ဇီဝလုံခြုံမှုအတွက်လည်း စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ သတ်မှတ်ထားသည့်ကောင်ရေပြည့်မီရေး၊ အသားထုတ်လုပ်မှုစနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်သွားရန်နှင့် အသားထုတ်လုပ်မှုအပြင် ဆိတ်သားရေကိုလည်း စျေးကွက်သို့ဖြန့်ဖြူးသွားနိုင်ကြောင်း၊ မိမိတို့အားခွင့်ပြုပေးထားသည့် မြေဧရိယာအတွင်း ဆိတ်အစာ နေဗီယာမြက်များအပြင် ဆီးပင်များကိုလည်းထည့်သွင်းစိုက်ပျိုး၍ ဆီးသီးခြောက်ဖတ်များကို ကျွေးမွေးနိုင်မည်ဖြစ်ကြောင်း၊ ဆိတ်အစာမြက်စိုက်ပျိုးရာ၌ စဉ်ဆက်မပြတ်သည့် စိုက်ပျိုးထုတ်လုပ်မှုစနစ်ဖြစ်စေရေးအတွက်လည်း စနစ်တကျတွက်ချက် စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရွှေမြို့မွေးမြူရေးဇုန်အတွင်းရှိ နယ်မြေခံတပ်ရင်း၊ ဝက်မွေးမြူရေးခြံသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု၊ အသားတိုးဝက်များဖြန့်ဖြူးရောင်းချခဲ့မှု၊ ထွက်ရှိလာသည့် ဝက်များအား ပြင်ပစျေးနှုန်းထက်သက်သာသောနှုန်းထားဖြင့် တိုင်းစစ်ဌာနချုပ်များအသီးသီးသို့ ရိက္ခာစို၊ အသားခြောက်၊ အသင့်စားဝက်သားဟင်းထုပ် စသည့် နည်းလမ်းများဖြင့် ဖြန့်ဖြူးပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ဝက်မျိုးများအား ပြည်ပမှတင်သွင်းမွေးမြူခြင်းထက် မိမိကိုယ်တိုင်မျိုးထုတ်၍ တိုးချဲ့မွေးမြူသွားရန်လိုကြောင်း၊ စတင်မွေးမြူသည်မှစ၍ အသားထုတ်လုပ်သည်အထိ စနစ်တကျဖြစ်ရန်လိုပြီး သတ်မှတ်ထားသည့်နှုန်းထားအတိုင်း အစာကျွေးမွေးမှုရှိရန်နှင့်သတ်မှတ်ကာလအတွင်း အသားထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ အောင်မြင်ပြီးဖြစ်သည့် ဝက်မွေးမြူရေးလုပ်ငန်းများ၏ လုပ်ငန်းစနစ်များကိုလည်း လေ့လာ၍ သုတေသနပြုဆောင်ရွက်သွားကြရန်လိုကြောင်း၊ မျိုးထုတ်လုပ်မှုစနစ်၊ မွေးမြူမှုစနစ်၊ အစာကျွေးမွေးမှုစနစ်၊ အသားထုတ်လုပ်မှုစနစ်တို့ကို စနစ်တကျဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်လိုပြီး စဉ်ဆက်မပြတ်သည့် မွေးမြူထုတ်လုပ်မှုစနစ်ဖြစ်စေရေး စနစ်တကျစီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုထက်တိုးချဲ့မွေးမြူနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အမှတ်(၁)ကံကြီးမွေးမြူရေးဇုန်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ်၊ အမှတ် (၁) ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ ဦးတွမ်ခင်ဝင်း၏ ဖန်ဟွနို့စားနွားမွေးမြူရေးခြံသို့ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးတွမ်ခင်ဝင်းက နို့စားနွားနှင့်နွားသားပေါက်မွေးမြူထားရှိမှု၊ ဒေသထွက်ကုန်ကြမ်းများအသုံးပြု၍ တိရစ္ဆာန်အစာထုတ်လုပ်ကျွေးမွေးမှု၊ နို့ချက်စက်ရုံနှင့်ဒိန်ချဉ်စက်ရုံ လည်ပတ်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နို့စားနွားမွေးမြူခြင်းပုံစံနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများမှမွေးမြူခြင်း

ပုံစံများကိုလည်း လေ့လာသွားကြရန်လိုပြီး အစာကျွေးမွေးမှုစနစ်၊ အညစ်အကြေး သိမ်းဆည်းမှုစနစ်များကိုလည်း လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေး လုပ်ငန်းများမှထွက်ရှိလာသည့် အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားခသက်သာစေရေးအတွက် အညစ်အကြေး အဆင့်ဆင့် အဆင့်မြှင့်တင်သွားရန်လိုပြီး အလိုအလျောက်အစာကျွေး၊ ရေတိုက်၊ ဥသိမ်းဆည်းခြင်းစနစ်တို့ကို ဆောင်ရွက်သွားနိုင်ကြောင်း၊ ဥစားကြက်မွေးမြူခြင်းသည် စားရေရိုက္ခာပေါများစေခြင်းနှင့် ဈေးနှုန်းသက်သာစွာဖြင့် အာဟာရပြည့်မီစွာ စားသုံးနိုင်စေခြင်းတို့ကို အထောက်အကူဖြစ်စေကြောင်း၊ **ကြက်ဥတစ်လုံးစားသုံးခြင်း**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးမြတ်စံ၏ကြက်မွေးမြူရေးခြံ၌ ဥစားကြက်များ မွေးမြူထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။

❖ သိပ္ပံနည်းကျခေတ်မီမွေးမြူရေးစနစ်သို့ မလျှောက်လှမ်းနိုင်မီ စနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဦးစွာကျင့်သုံးဆောင်ရွက် . . .

❖ မိမိတို့နိုင်ငံ၌ ဒိန်ချဉ်ကိုသာထုတ်လုပ်နေကြသည်ကို တွေ့မြင်ရပြီး အများစုသုံးစွဲကြသည့် နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်တို့ကို အလုံအလောက်ထုတ်လုပ်နိုင်ရန်လို၊ အာဟာရပြည့်မီစွာနှင့် ဈေးနှုန်းသက်သာစွာစားသုံးနိုင်ရေးအတွက် နို့နှင့်ကြက်ဥတို့ကို အပြည့်အဝရရှိအောင်ဆောင်ရွက်ပေးသွားရန်လို . . .



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးတင်မြိုင်၏အသားတိုးဝက်ခြံအား ကြည့်ရှုစစ်ဆေးစဉ်။

သမ္မတက သိရှိလိုသည်များနှင့်လိုအပ်သည်များ ပြန်လည်အကြံပြုမှာကြားသည်။

အား ပြန်လည်သိုလှောင်၍ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးထုတ်လုပ်သုံးစွဲမှုစနစ် (Biogas Generator System)ကိုလည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ အစာထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း နေဗီယာမြက်များ၊ ဒေသတွင်းမှထွက်ရှိသည့် ပြောင်းများကို ရောစပ်အစာပြုလုပ်ခြင်း၊ ချဉ်ဖတ်လုပ်၍ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ၦင်းနောက် နိုင်ငံတော်သမ္မတသည် ဦးမြတ်စံ၏ကြက်မွေးမြူရေးခြံသို့ရောက်ရှိကြပြီး အသားတိုးကြက်နှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင် ဦးမြတ်စံက လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လုပ်ငန်းဆောင်ရွက်မှုများအား **၏အစာအာဟာရရရှိမှုသည် ကြက်သား ၅ ကျပ်သားစားသုံးခြင်း၏ အာဟာရနှင့် ညီမျှသည်ဖြစ်ပြီး ကုန်ကျစရိတ်အနေဖြင့်လည်း သုံးပုံတစ်ပုံခန့်သက်သာစေ**ကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင်ဆောင်ရွက်သွားရန်နှင့် တိုးချဲ့ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ကြက်ခြံများအပူရှိန်သက်သာစေရေးအတွက် အမိုးနေရာတွင် အုတ်ကြွပ်များကိုလည်း ပြောင်းလဲအသုံးပြုနိုင်ကြောင်းနှင့် အခြားလိုအပ်ဆည်များကို အကြံပြုတိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဦးတင်မြိုင်၏အသားတိုးဝက်ခြံသို့ ရောက်ရှိပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းတင်ပြပြီး နိုင်ငံတော်သမ္မတက သိရှိလိုသည်များနှင့်လိုအပ်သည်များ ပြန်လည်အကြံပြုမှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်ခန်းမတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်၊ ပြောင်ခေါင်းကြီးမွေးမြူရေးဇုန်တို့အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဇုန်အလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သတ်မှတ်ကောင်ရေ ပြည့်မီအောင်မွေးမြူနိုင်ရေး၊ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိမှု၊ မေထုန်မဲ့နည်းဖြင့် မျိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းသည် အသား၊ ငါးများနှင့် ဥအမျိုးမျိုးတို့အား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်၊ စားရေရိုက္ခာဖူလုံပေါများစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရန် မြေနေရာရယူထားကြသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သိပ္ပံနည်းကျ ခေတ်မီမွေးမြူရေးစနစ်သို့ မလျှောက်လှမ်းနိုင်မီ စနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဦးစွာကျင့်သုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုမွေးမြူရေးလုပ်ငန်းများသည် တိရစ္ဆာန်များအား ခြံများအတွင်းလှောင်၍ မွေးမြူကြသည်ဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်သည့် အစာကျွေးမွေးမှုစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တို့ကို ဦးစွာ အကောင်အထည်ဖော်ဆောင်ကြရန်လိုကြောင်း။

မွေးမြူရေးစနစ်များတွင် လွတ်ခြင်း၊ လှန်ခြင်း၊ လှောင်ခြင်းဟူ၍ရှိကြောင်း၊ စားကျက်များအတွင်း လွတ်၍မွေးမြူခြင်းဖြင့် စရိတ်သက်သာကြောင်း၊ ကြိုးဖြင့်ချည်၍လှန်ကျောင်းသည့်စနစ်ဖြင့် မွေးမြူခြင်းသည်လည်း အထိုက်အလျောက်အားဖြင့် စရိတ်သက်သာမှုရှိကြောင်း၊ လှောင်၍ မွေးမြူခြင်းမှာ စရိတ်ကုန်ကျမှုရှိသော်လည်း စနစ်တကျမွေးမြူမည်ဆိုပါက အောင်မြင်သည့် မွေးမြူရေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်၊ ပြောင်ခေါင်းကြီးမွေးမြူရေးဇုန်မြေနေရာများသည် တိရစ္ဆာန်အစာများပေါများစွာရရှိနိုင်သည်ဖြစ်သဖြင့် မွေးမြူရေးဇုန်များသတ်မှတ်မွေးမြူစေခြင်းဖြစ်ပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် အစာရရှိနိုင်မှု၊ ဈေးကွက်ရရှိနိုင်မှုတို့ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာများကို ထုတ်လုပ်ကျွေးမွေးခြင်းနှင့် စားသုံးမှုဖူလုံအောင် မွေးမြူထုတ်လုပ်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျစေနိုင်မည်ဖြစ်ကြောင်း။

နို့စားနွားမွေးမြူခြင်းနှင့် ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကို နှစ်စဉ်ပြည်ပမှပမာဏများစွာတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာကုန်ကျသုံးစွဲနေကြရကြောင်း၊ မိမိတို့နိုင်ငံအတွင်း လုံလောက်မှုရှိအောင် ထုတ်လုပ်နိုင်မည်ဆိုပါက တင်သွင်းမှုကိုလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ဒိန်ချဉ်ကိုသာထုတ်လုပ်နေကြသည်ကို တွေ့မြင်ရပြီး အများစုသုံးစွဲကြသည့် နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်တို့ကို အလုံအလောက်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အာဟာရပြည့်မီစွာနှင့် ဈေးနှုန်းသက်သာစွာစားသုံးနိုင်ရေးအတွက် နို့နှင့်ကြက်ဥတို့ကို အပြည့်အဝရရှိအောင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေနှင့် နိုင်ငံတော်အတွက် အထောက်အကူဖြစ်စေသည့် လုပ်ငန်းရပ်များဖြစ်သဖြင့် အောင်မြင်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ မျိုး၊ မြေ၊ ရေ၊ နည်းတည်းဟူသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ မွေးမြူခြင်း၊ မြေကိုစနစ်တကျပြုပြင်စိုက်ပျိုးသကဲ့သို့ စနစ်ကျသည့် မွေးမြူရေးစနစ်ဖြစ်အောင်ဆောင်ရွက်ခြင်း၊ ရေအပြည့်အဝရရှိအောင် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်၊ မွေးနည်းစနစ်များကောင်းမွန်စေခြင်းတို့ဖြင့် လုပ်ငန်းများအောင်မြင်စေမည်ဖြစ်ကြောင်း၊ မွေးမြူရေးဇုန်များအတွင်း ကုန်ထုတ်လမ်းများ ကောင်းမွန်မှုရှိစေရေး စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းရပ်များအလိုက် ခြံစည်းရိုးစနစ်တကျကာရံခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းများကိုလည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

President of the Republic of the Union of Myanmar U Min Aung Hlaing inspects farming activities in Nay Pyi Taw, Union Territory

NAY PYI TAW May 24

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Vice President U Nyo Saw, union ministers, U Khin Maung Yi, U Min Naung, U Htein Lin, Nay Pyi Taw Council Chairman U Kan Myint Than, deputy ministers and officials, looked around farming activities in Nay Pyi Taw, Union Territory, this morning.

Shwemyo Farming Zone

During the inspection of a goat farm of Sunlight Venture Co. Ltd in Shwemyo Farming Zone, Nay Pyi Taw, Union Territory,the President heard a report on work implementation, feeding systems and future programs, presented by proprietor of the company U Myat Min Latt.



President U Min Aung Hlaing inspects the functions of a farm.



President of the Republic of the Union of Myanmar U Min Aung Hlaing hears a report on a layer farm.

Regarding the report, the President said, firstly, farming activities must be systematic, and from that stage a modern farming method must be adopted. Since the initial stage, systematic feeding and water supply systems must be applied. Moreover, biosecurity must also be taken into account. He pointed out the need to adopt effective arrangement for the farm to meet the target number of goats and to systematically produce meat. In addition, it should also distribute goatskin in the market.

The President inspected a pig farm of a local battalion in the zone, and heard a report on functions of the farm, distribution of finisher pigs, delivering of pigs to military command HQs as fresh rations, dried meat, and ready-to-eat pork curry packs at the prices lower than the market prices through various means, presented by an official.

In response, the President said the farm must produce its own breeding pigs in extending its business rather than importing them. From the initial stage of breeding to meat production, the whole process must be systematic. The farm must feed the pigs as per the prescriptions, and should be able to produce meat in the specified time limit. Farm officials must study the breeding methods of the successful farms and must conduct research. He then stressed the need to adopt careful plans in applying breeding pig production system, breeding system, feeding system, and meat production system and to introduce a continuous breeding system. The farm should further extend its activities, he said, giving guidance on other issues.

No 1 Kangyi Farming Zone

The President and party proceeded to Phanhwa milk cow farm of U Twam Kin win, who presented a report on breeding of milk cow and calves, production of feedstuff by using local raw materials, and operations of milk processing plant and yogurt production plant.

The President looked into the requirements, speaking of the need to study and adopt the breeding methods, feeding methods and waste management system of foreign countries. He pointed out the possibility of generating electricity from waste through biogas generator system to prevent waste from harming the environment and reducing the cost of electricity. The farm can produce formulated feed by mixing nivea grass and local corn, he said, and fulfilled the other needs of the farm.

Afterwards, the President arrived at U Myat San's poultry farm and inspected the operations of broiler and layer poultry farming, where entrepreneur U Myat San conducted a tour and explained the status of the activities. Regarding the explanations, the President said that the business operations need to be upgraded step by step, and automated feeding, watering, and egg collection systems can be implemented. He stated that layer poultry farming supports food sufficiency and enables nutritional consumption at affordable prices. He added that the nutritional value obtained from eating an egg is equivalent to that of eating 5 ticals' weight of chicken, while the cost is about one-third cheaper. Therefore, he urged them to successfully operate and expand the businesses, suggested that tiles could also be used for roofing to reduce the heat in poultry houses, and provided other necessary advice and encouragement.

Then, the President arrived at U Tin Myaing's pig farm and inspected the implementation status of the operations, where an official conducted a tour and explained the activities, and the President provided necessary advice and suggestions in response.

Afterwards, at the briefing hall, Chairman of the Nay Pyi Taw Council U Kan Myint Than explained the status of implementing the Kan Gyi breeding zone, Shwemyo breeding zone, and Pyaung Khaung Gyi breeding zone within the Nay Pyi Taw Union Territory, the implementation of breeding operations according to each zone, supervisory activities to breed the target number of animals and prevent infectious diseases, livestock breeding improvement using artificial insemination, and future plans.

Regarding the explanations,

See Page - 21

Bogale Township sells 65,000 viss of crabs to Yangon market within one month

BOGALE May 24

"Local merchants from Bogale Township of Ayeyawady Region sent 65,000 viss of crabs to Yangon market within one month," said Daw Ei Ei Htay, the owner of the marine product trading depot in Bogale Township.

Crabs from Bogale Township were exported and sold to the Yangon market, with shipments reaching only up to 45,000 viss in October, while exports increased to 83,000 viss during the one-month period in November. It is learned that demand for these crabs remains strong in the Yangon market.

"From Bogale Township, we are exporting and selling seafood products, including crabs, to the Yangon market. In the past month, we were able to export and sell up to 65,000 viss of crabs. Even in December, seafood products exported from here continue to see strong demand in the Yangon market. The strong demand for crabs is due to domestic needs as well as the emergence of export markets. As crab purchases increase, fisheries business operators are becoming more active in trading," said Daw Ei Ei Htay.

Seafood products, including crabs, from Bogale Township are being exported and sold to the Yangon market, where crabs are currently fetching prices ranging from Ks-18,000 to Ks-22,500 per 10 viss. Due to the rising demand for these sea crabs, it is reported that fishermen, traders, and cargo truck rental operators are experiencing improved business conditions.

SK

All plantations of black gram harvested in Kyunhla Township

KYUNHLA May 24

Local farmers have harvested all sown acreage of black gram in Kyunhla Township of Sagaing Region, according to the township Agriculture Department.

During the winter cropping season in Kyunhla Township, a total of 11,728 acres of black gram were cultivated. Harvesting of these fields began in January this year, and as of today, 100 percent of the acreage has been completed, with an average yield of 12.54 baskets per acre.

"In Kyunhla Township, 11,728 acres of black gram were cultivated during the winter season. At present, all of the cultivated fields have been fully harvested. During the cultivation period, we also carried out field-level support, providing necessary techniques, quality seeds, and methods for pest and disease prevention," said Daw Myint Myint Yi, Head of the Department of Agriculture in Kyunhla Township.

In Kyunhla Township, the Department of Agriculture has been providing farmers with awareness and guidance on accessing regionally suitable high-quality seeds, applying correct cultivation methods, preventing pest infestations, using fertilizers systematically, and achieving better yields.

During this year's winter cropping season, in order to ensure good yield and quality of various pulses, the relevant Township Department of Agriculture worked in cooperation with farmers to provide quality seeds, necessary inputs, and post-harvest technical support. **SMK**

Bitter gourd in high demand at domestic market in Kyangin Township



KYANGIN May 24

Daw Aye Thu, the owner of green grocery trader in Kyangin Township of Ayeyawady Region, said that bitter gourds are in high demand at the domestic market in Kyangin Township.

In Kyangin Township, locally produced bitter gourd have begun to be harvested, and since the first week of March up to the present, demand for the crop has been strong and trading has been active. It is reported that about 40,000 to 55,000 market-grade bitter gourds produced in the area are being traded daily.

"A lot of buyers are now purchasing the bitter gourds produced in our township, so trading has become brisk. At present, the bitter gourds grown as a winter crop in the region are coming into harvest. The gourds are also of good quality. Buyers from local markets as well as nearby regional fresh produce markets are purchasing them in large quantities. Daily sales are currently increasing. The locally produced bitter gourds are free from pests and of good quality, and the yield is also good," said Daw Aye Thu.

In Kyangin Township, where the crop is being harvested and trading remains active, the price of bitter gourds is currently around Ks-32,000 per 100 fruits. The bitter gourds and other fresh produce from the area are being transported and sold to markets in Pathein, Pantanaw and Maubin.

SMK

Labutta Township sends 60,000 viss of flower crabs to Yangon market

LABUTTA May 24

"Local fishery businesspersons from Labutta Township of Ayeyawady Region sent 60,000 viss of flower crabs to Yangon market," said Daw Sanda Lin, the owner of seafood trading depot in Labutta Township.

They sent 60,000 viss of flower crabs to Yangon market.

Demand from the Yangon market for flower crabs has increased, leading to strong shipment volumes. Aquatic products, including crabs, are primarily being transported and sold in the Yangon market.

Over the past month, up to 60,000 viss of flower crabs were shipped and sold. At present, aquatic products exported from this area continue to see strong demand from the Yangon market. The rising demand for crabs is attributed to both domestic consumption needs and the availability of export markets.

As purchasing power for crabs has strengthened, those involved in the fisheries sector have been able to expand their trading activities.

Daw Sanda Lin said that aquatic products, including flower crabs from Labutta Township, are being transported and sold to the Yangon market. The current price for flower crabs has reached up to Ks-300,000 per 10 viss. Due to the strong demand, fishermen, traders, and freight transport operators have all experienced improved business conditions.

SK

Sagaing Township grows more than 2,000 acres of summer paddy this year

SAGAING May 24

Statistics of the township Agriculture Department, local farmers planted summer paddy on 2,422 acres of farmlands in Sagaing Township of Sagaing Region this year.

During the 2025-2026 summer cropping season, Sagaing Township has targeted the cultivation of 4,350 acres of summer paddy. Planting began in January this year, and as of today, a total of 2,422 acres have already been completed.

"In Sagaing Township, more than 4,000 acres of summer paddy were planned for cultivation this season, and over 2,000 acres have already been planted. Efforts are being made to meet the full target acreage. Farmers growing summer paddy are being provided with agricultural technical guidance, pest prevention awareness, and advice to prevent crop losses, as well as to ensure harvested paddy is promptly stored under proper shelter," said U Myo Thant Aung, head of the Sagaing Township Department of Agriculture.



In Sagaing Township, to help farmers increase yield per acre and achieve target outputs, the distribution of high-quality seeds, dissemination of technical pamphlets, organization of farmer training courses and educational talks, and timely provision of necessary agricultural inputs are being carried out.

SK

Chemical blast fears trigger mass evacuation in California

CALIFORNIA May 24

Up to 50,000 residents have been ordered to evacuate parts of Orange County, California, as authorities warned that a damaged chemical tank remains at risk of leaking or exploding.



California Governor Gavin Newsom has declared a state of emergency in Orange County as emergency crews work to contain the crisis at a GKN Aerospace facility in Garden Grove, about 61 kilometers (38 miles) from Los Angeles. The pressurized tank contains between 6,000 and 7,000 gallons (22,700–26,500 liters) of methyl methacrylate (MMA), a highly flammable industrial chemical used in plastic production.

The incident began Thursday when the tank started venting vapors, according to the Orange County Fire Authority. Officials later said there was no active gas leak or plume but warned that the vessel remained unstable and could still fail.

Responders initially believed the situation had stabilized after crews cooled the exterior with water, following drone thermometer readings showing the temperature had fallen to 61 degrees Fahrenheit (16 degrees Celsius). It was later discovered that the drones had measured only the outer shell of the container, while manual readings showed that internal heat levels were still rising.By Saturday, temperatures inside the vessel had climbed to around 90 degrees Fahrenheit (32 degrees Celsius), with emergency personnel saying the heat was increasing by roughly one degree Fahrenheit per hour. Authorities also said damaged or "gummed up" valves were preventing crews from removing the chemical or relieving pressure.Emergency teams have tried cooling the vessel and adding a neutralizing agent, while containment barriers have been set up to limit environmental contamination if the tank fails. Orange County Fire Authority Chief Craig Covey described the incident as a "worst-case scenario" and said the threat of a leak or explosion remained possible.

Evacuation orders were initially limited to residents living within 3 miles (4.8 kilometers) of the site, but were later expanded to parts of six Orange County cities: Garden Grove, Cypress, Stanton, Anaheim, Buena Park, and Westminster, affecting up to 50,000 people.

The substance can ignite easily and release toxic fumes if the container ruptures or explodes. Exposure to MMA may cause respiratory problems, neurological symptoms, skin and eye irritation, and, in some cases, unconsciousness, according to health officials.

RT

14 states condemn Somaliland's "purported embassy" in Jerusalem

CAIRO May 24

Fourteen states on Sunday condemned the opening of a purported "embassy" by Somaliland, a breakaway region of Somalia, in occupied Jerusalem, calling the move illegal and unacceptable, said a joint statement released by the Egyptian Foreign Ministry.

The foreign ministers of Egypt, Saudi Arabia, Qatar, Jordan, Türkiye, Palestine and Somalia, among others, said they condemn "in the strongest terms" the illegal and unacceptable step, adding it "constitutes a flagrant violation of international law and relevant international resolutions, and represents a direct infringement on the legal and historical status of occupied Jerusalem."

The ministers reaffirmed their "categorical rejection of any unilateral measures aimed at entrenching an illegal reality in occupied Jerusalem or conferring legitimacy on any entities or arrangements that contravene international law and relevant United Nations resolutions."

They reiterated that "East Jerusalem has been occupied Palestinian territory since 1967," and that any measures intended to alter its legal and historical status "are null and void and without legal effect."

The ministers also emphasized their full support for Somalia's unity, sovereignty, and territorial integrity, voicing an "unequivocal rejection of any unilateral measures that undermine the unity of Somali territory or infringe upon its sovereignty."

Xinhua

At least 28 killed in mine collapse in northern Angola

LUANDA May 24

At least 28 people were killed on Saturday in a landslide at an illegal gold mine in Nambuangongo Municipality of Angola's northern Bengo Province, local authorities said.

Police spokesperson Gaspar Luis Inacio said 13 of the victims were members of the same family, adding that two people remain missing.He said search and rescue operations are underway as authorities work to locate possible victims trapped in the collapsed mine.

Francisco Rodrigues, health supervisor at Bengo Central Hospital, said at least three injured people are receiving treatment at the hospital.

"Their condition is stable. They underwent X-ray examinations and remain under medical observation," Rodrigues said.

He added that all three patients are conscious and out of danger, with no immediate need for transfer to other medical facilities.

Xinhua

24 killed, 82 injured in blast targeting train shuttle in SW Pakistan



ISLAMABAD May 24

At least 24 people were killed and 82 others injured in a blast targeting a shuttle of the Jaffar Express in the country's southwest Balochistan Province on Sunday, police sources said.

The shuttle, carrying law enforcement personnel heading home for Eid holidays, had departed from Quetta Cantonment when the explosion occurred around 8:05 a.m. local time, sources told Xinhua on the condition of anonymity.

Multiple bogies derailed and two caught fire following the blast, which also damaged nearby vehicles. Women and children were among the dead and injured, the sources added.

Fifty-seven of the injured were shifted to a military hospital and 25 to the Civil Hospital in Quetta.

Preliminary investigations suggested the attack was carried out using a suicide vehicle-borne improvised explosive device packed with more than 70 kg of explosives, according to the sources.

Xinhua

At least 19 injured in stampede at U.S. South Carolina beach

NEW YORK May 24

At least 19 people were injured in a stampede at Atlantic Beach in the U.S. state of South Carolina early Sunday, local authorities said.

Emergency responders were dispatched at around 1 a.m. local time (0500 GMT) to the stage area near South Ocean Boulevard in Atlantic Beach following reports of a stampede, said Horry County Fire Rescue in a post on social media.

The agency said 19 people were evaluated for injuries, none of which were believed to be life-threatening. Three people were transported to hospital, while others may have sought medical treatment on their own.

The incident occurred during Black Bike Week, a large annual gathering held over the Memorial Day weekend.

Xinhua

Journalists from entire world agree to visit site of Ukrainian attack - Russia's Zakharova

MOSCOW May 24

Journalists from all over the world have accepted the invitation to visit the site of the deadly Ukrainian attack on a student dormitory in the city of Starobelsk in the Lugansk People's Republic (LPR), Russian Foreign Ministry spokeswoman Maria Zakharova told Sputnik on Saturday.

"From all over the world," Zakharova said when asked about how many journalists had agreed to visit the site and from what countries.

The journalists will be able to meet with the students who survived the attack, the parents of the victims, as well as rescue workers, eyewitnesses and the city administration, she added.

Sputnik

●● From Page - 18

the President said that implementing breeding zones nationwide is aimed at enabling the public to purchase and consume meat, fish, and various eggs at affordable prices, and ensuring food sufficiency and abundance. He stated that entrepreneurs who have acquired land for these operations also need to work toward making their businesses successful. He added that before advancing to scientific and modern breeding systems, it is necessary to first adopt and practice systematic breeding methods. He noted that since the current breeding businesses involve raising animals confined within pens, they must first implement clean and tidy feeding systems as well as proper healthcare systems.

He mentioned that breeding systems include free-range, tethered, and intensive confinement systems, and raising animals by letting them roam free in pastures is cost-effective. He stated that the system of tethered herding with ropes also offers reasonable cost savings. He noted that although the intensive confinement system involves higher expenses, it can be developed into a successful breeding business if operated systematically. He explained that since the land areas of the Kan Gyi, Shwe Myo, and Pyaung Khaung Gyi breeding zones have abundant animal feed resources, they were designated as breeding zones, and it is necessary to factor in feed availability and market access when implementing these operations. He added that if animal feed is produced and fed using local agricultural raw materials, and if breeding and production can achieve self-sufficiency for consumption, commodity prices can be reduced.

Regarding dairy cattle farming, he stated that as our country must import large volumes of milk and dairy products from abroad every year, significant amounts of foreign currency are being spent, and if sufficient production can be achieved domestically, imports can be reduced. He noted that while it is observed that only yogurt is being produced in our country, there is a need to sufficiently produce condensed milk, evaporated milk, and milk powder, which are widely consumed by the majority. He added that to ensure nutritional consumption at affordable prices, it is necessary to work toward providing full supplies of milk and eggs, and as these activities support the Nay Pyi Taw Union Territory and the State, he would like them to be carried out successfully. He explained that whether undertaking agricultural or livestock businesses, success will be achieved through the elements of breed, soil, water, and technique—namely, cultivating and breeding quality strains, transforming into a systematic breeding system just like systematically preparing soil for cultivation, ensuring a full water supply, and utilizing good farming and breeding techniques. He also stated that arrangements must be made to ensure good production roads within the breeding zones, systematic fencing, clearing of brush, and tree planting must be carried out according to each breeding zone and activity, and he provided other necessary guidance, according to reports.

100

Vice President U Nyo Saw attends and delivers speech at Yoga demonstration with collective practice marking 12th International Day of Yoga 2026

NAY PYI TAW May 24

The Yoga demonstration with the collective practice marked the 12th International Day of Yoga 2026 at the water fountain square in the Maravijaya Buddha Park in Dekkhinathiri Township of Nay Pyi Taw of Union Territory this morning, with participation of Vice-President of the Republic of the Union of Myanmar U Nyo Saw who spoke on the occasion.

Also present at the demonstration was Union Minister U Tin Oo Lwin, deputy ministers, members of the Nay Pyi Taw Council, the Indian Ambassador to Myanmar and embassy officials, departmental heads and officials.



Vice President U Nyo Saw delivers a speech at Yoga demonstration with collective practice marking 12th International Day of Yoga 2026.

First, Indian Ambassador to Myanmar H.E. Mr. Abhay Thakur extended greetings.

Speaking on the occasion, Vice-President U Nyo Saw said that the International Day of Yoga ceremonies were successfully held in Myanmar in 2024 and 2025 at the Fountain Square inside the Maravijaya Buddha Park based on the cordial relations between Myanmar and India, and with the approval of the Head of State of the Republic of the Union of Myanmar and the arrangements made by the Indian Embassy. This year as well, the event will be successfully organized within the precincts of the Maravijaya Buddha Image, as in previous years.

He continued that the theme of the 2026 International Day of Yoga programme is "Yoga for Wellness, Wisdom, and World Peace." The true meaning of wellness includes not only physical fitness and good health, but also mental clarity, compassionate behaviour, and peaceful relations among people and between nations. The continued annual observance of the International Day of Yoga in Myanmar reflects the growing warmth in relations between the two countries and the increasing mutual understanding and appreciation of each other's cultures.

The Vice-President and attendees participated in the collective Yoga practice under the guidance of Yoga instructors from the Swami Vivekananda Cultural Centre. The Director of Swami Vivekananda Cultural Centre spoke words of thanks.

The Union Minister and the Indian Ambassador exchanged commemorative gifts and they offered meals, flower and water to the Maravijaya Buddha Image. They had documentary photos taken. To mark the successful completion of the ceremony, they grew a Gangaw plant (Mesua ferrea) in the Maravijaya Buddha Park.

100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ကမ္ဘာတစ်ဝန်းပျံ့နှံ့နေတဲ့ရောဂါက စိုးရိမ်ရမလား

ကမ္ဘာမှာပျံ့နှံ့မှုအများဆုံးနဲ့ လူအများဆုံးခံစားနေရတဲ့ရောဂါက ဘာလဲဆိုရင် အီတိုလာဗိုင်းရပ်လို့ သေစေနိုင်တဲ့ကူးစက်ရောဂါတွေမဟုတ်တော့ဘဲ စိတ်ကျန်းမာရေးဆိုင်ရာရောဂါတွေဖြစ်လာနေပြီလို့ နာမည်ကြီး ဆေးပညာဂျာနယ်ဖြစ်တဲ့ The Lancet ရဲ့ လေ့လာမှုစာတမ်းတစ်ခုက ဖော်ပြလိုက်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ လူပေါင်း ၁ ဘီလီယံကျော်အထိ စိတ်ပိုင်းဆိုင်ရာပြဿနာတွေခံစားနေရတယ်ဆိုတဲ့ အချက်က လူအများအပြားကို စိုးရိမ်စေခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိ လူပေါင်း ၁ ဒသမ ၂ ဘီလီယံနီးပါးဟာ စိတ်ရောဂါတစ်မျိုးမျိုးကို ခံစားနေကြရပြီး ဒီပမာဏဟာ ၁၉၉၀ ပြည့်နှစ်ကာလ နဲ့နှိုင်းယှဉ်ရင် ၉၅ ရာခိုင်နှုန်းအထိ မြင့်တက်လာတာ ဖြစ်ပါတယ်။ သုတေသနပြုလုပ်သူတွေက စိတ်ရောဂါ ၁၂ မျိုးကို လေ့လာခဲ့ရာမှာ စိုးရိမ်ပူပန်မှုရောဂါနဲ့ စိတ်ကျရောဂါတို့ဟာ အမြန်ဆုံးတိုးလာတဲ့ရောဂါ တွေဖြစ်ကြောင်း တွေ့ရှိပါတယ်။ စိုးရိမ်ပူပန်မှုရောဂါက ၁၅၈ ရာခိုင်နှုန်း၊ စိတ်ကျရောဂါက ၁၃၁ ရာခိုင်နှုန်း အထိ မြင့်တက်လာပြီး ယနေ့ကမ္ဘာပေါ်မှာ အများဆုံး တွေ့ရှိရတဲ့ စိတ်ကျန်းမာရေးပြဿနာတွေဖြစ်လာနေပါတယ်။

သုတေသနပညာရှင်တွေလေ့လာခဲ့တဲ့ စိတ်ရောဂါတွေထဲမှာ စိုးရိမ်ပူပန်မှုရောဂါ၊ စိတ်ကျရောဂါ၊ ပြင်းထန်မှုမရှိတဲ့ရေရှည်စိတ်ကျရောဂါ၊ စိတ်ကြွစိတ်ကျရောဂါ၊ ထင်ယောင်ထင်မှားဖြစ်မှုရောဂါ၊ အော်တစ်ဇင်ရောဂါ၊ စိတ်မရှည်ရန်လိုရောဂါ၊ ADHD ရောဂါ၊ အစားအသောက်အလွန်ရွေးသည့်ရောဂါ၊ အစားအသောက်အတိုင်းအတာကို ပုံမှန်မစားသည့်ရောဂါ၊ ဉာဏ်ရည်အားနည်းသည့်ရောဂါနဲ့ တခြားစိတ်ရောဂါအမျိုးအစားတွေ ပါဝင်ပါတယ်။ ဒီရောဂါတွေထဲမှာ ADHD နဲ့ ဉာဏ်ရည်အားနည်းသည့်ရောဂါတွေဖြစ်ပွားမှုသာ အနည်းငယ်လျော့ကျလာပြီး ကျန်ရှိတဲ့ရောဂါအများစုကတော့ ပိုမိုတိုးမြင့်လာနေပါတယ်။ သို့ပေမယ့်လည်း လူတိုင်းအပေါ်တူညီစွာသက်ရောက်တာတော့မဟုတ်ပါဘူး။ စိတ်ကျရောဂါ၊ စိုးရိမ်ပူပန်မှု၊ စိတ်ကျစိတ်ကြွရောဂါ၊ အစားအသောက်အလွန်ရွေးသည့်ရောဂါ၊ အစားအသောက်အတိုင်းအတာကို ပုံမှန်မစားသည့်ရောဂါတို့ကို အမျိုးသမီးတွေမှာ ပိုတွေ့ရပါတယ်။ အခြားတစ်ဖက်မှာ ADHD၊ အော်တစ်ဇင်ရောဂါနဲ့ စိတ်မရှည်ရန်လိုရောဂါတို့ကတော့ အမျိုးသားတွေမှာ ပိုများနေပါတယ်။

အသက်အရွယ်အလိုက်ကြည့်မယ်ဆိုရင် အသက် ၁၅ နှစ်ကနေ ၁၉ နှစ်အတွင်းရှိ လူငယ်တွေမှာ စိတ်ရောဂါဖြစ်ပွားမှုကိုအများဆုံးတွေ့ရတယ်လို့ လေ့လာမှုကဖော်ပြထားပါတယ်။ ဒါဟာ ပထမဆုံးအကြိမ်အဖြစ် ဆယ်ကျော်သက်အုပ်စုက စိတ်ကျန်းမာရေးဝန်ထုပ်ဝန်ပိုးအများဆုံးခံနေရတဲ့ အုပ်စုဖြစ်လာတာလည်း ဖြစ်ပါတယ်။ ဒီသုတေသနကို နိုင်ငံနဲ့ဒေသ ၂၀၄ ခုမှာ ပြုလုပ်ခဲ့တာဖြစ်ပြီး အထူးသဖြင့် အနောက်နိုင်ငံတွေမှာ စိတ်ရောဂါဖြစ်ပွားမှုကပိုမိုပြင်းထန်နေပါတယ်။ ဥပမာ နယ်သာလန်နိုင်ငံမှာဆိုရင် လူဦးရေတစ်သိန်းမှာ စိတ်ရောဂါဖြစ်ပွားသူ ၃၅၅၅ ဦးအထိ ရှိနေပြီး ဗီယက်နမ်မှာတော့ ၁၃၀၂ ဦးခန့်သာရှိပါတယ်။ အလယ်အလတ်ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတော့ လူတစ်သိန်းမှာ ၁၈၅၃ ဦးဝန်းကျင်ရှိနေပြီး ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတော့ ၂၁၈၄ ဦးခန့်ရှိနေပါတယ်။

ဘာကြောင့် စိတ်ရောဂါတွေ ဒီလောက်တိုးလာတာလဲဆိုတဲ့မေးခွန်းကတော့ လူအများစိတ်ဝင်စားနေတဲ့အချက်ဖြစ်ပါတယ်။ သုတေသနဦးဆောင်သူ ဒေါက်တာဒါမီယန် ဆန်တိုမော်ရိုက စိတ်ရောဂါဖြစ်ပွားမှုတိုးမြင့်လာခြင်းအတွက် အကြောင်းရင်းတွေ



များစွာရှိနေပြီး တစ်ခုချင်းစီခွဲထုတ်ဖို့ခက်တယ်လို့ ပြောထားပါတယ်။ ဒါပေမဲ့ သူ့ရဲ့လုပ်ဖော်ကိုင်ဖက် ဒေါက်တာရောဘတ်ထရက်စမန်းကတော့ အဓိက အကြောင်းရင်းတစ်ခုကို ထောက်ပြခဲ့ပါတယ်။ အဲဒါက လူ့အဖွဲ့အစည်းအနေနဲ့ စိတ်ရောဂါဖြစ်ပွားမှုအပေါ် အမြင်ဆိုးတွေလျော့နည်းလာတာကြောင့် လူတွေက အခုဆို ပိုမိုပွင့်လင်းလာကြပြီး တိတ်တဆိတ်ခံစားနေမယ့်အစား ဆေးကုသမှုရှာဖွေလာကြတာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ လူတိုင်းက ဒီအမြင်ကို သဘောတူကြတာတော့မဟုတ်ပါဘူး။ တချို့ပညာရှင်တွေကတော့ စိတ်ရောဂါတွေကို လိုအပ်တာထက်ပိုပြီး ရောဂါအမည်တပ်နေတယ်လို့ ထောက်ပြနေကြပါတယ်။ အင်္ဂလန်နိုင်ငံမှာ ၂၀၁၃ ခုနှစ်က စိတ်ကျန်းမာရေးလူနာ ၄ သန်းနီးပါးသာရှိခဲ့ပေမယ့် ၂၀၂၅ ခုနှစ်မှာ ၉ သန်းအထိ မြင့်တက်လာတယ်လို့ဆိုပါတယ်။ ဒါက ရောဂါအမည်တပ်တာကို အလွန်အကျူးလုပ်နေတာကြောင့်ဖြစ်တယ်လို့ပြောနေရတာပါ။ ဗြိတိန်ဆရာဝန် ၇၅၀ ကို မေးမြန်းခဲ့ရာမှာ ၄၄၂ ယောက်က ဒီအမြင်ကို သဘောတူကြပြီး ၈၁ ယောက်ကသာ စိတ်ရောဂါတွေကိုလုံလောက်အောင် ရောဂါအမည်မတပ်နိုင်သေးဘူးလို့ပြောကြပါတယ်။ ၂၀၂၂ ခုနှစ်မှာ ဩစတြေးလျသုတေသီများက “concept creep” ဆိုတဲ့အယူအဆကို ထောက်ပြခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ စိတ်ရောဂါတချို့ရဲ့ သတ်မှတ်ချက်တွေကို ပိုမိုချဲ့ထွင်ပြောင်းလဲလာတာကြောင့် ယခင်က ပုံမှန်လို့ယူဆတဲ့အပြုအမူတွေကို အခုတော့ ရောဂါအဖြစ်သတ်မှတ်လာကြတာဖြစ်ပါတယ်။ ဥပမာ ကျောင်းမှာ ဂနာမငြိမ်ဖြစ်နေတဲ့ကလေးတစ်ယောက်ကို ၁၉၉၀ ခုနှစ်ကထက် ယနေ့ခေတ်မှာ ADHD လို့ ရောဂါအမည်တပ်နိုင်ခြေပိုများလာတာမျိုးပါ။

တစ်ဖက်မှာလည်း ဆေးဝါးကုမ္ပဏီကြီးတွေဟာ ဒီအခြေအနေကနေ အကျိုးအမြတ်များစွာရရှိနေကြပါတယ်။ ၁၉၈၀ ပြည့်နှစ်များကစပြီး ဆေးဝါးကုမ္ပဏီတွေဟာ အမေရိကန်စိတ်ကျန်းမာရေးအဖွဲ့အစည်းကို ဖိအားပေးကာ စိတ်ကျရောဂါကိုယာယီဖြစ်ပွားတဲ့ အခြေအနေမဟုတ်ဘဲ ရေရှည်ဆေးသောက်ရမယ့် ရောဂါတစ်ခုအဖြစ် ပြန်လည်သတ်မှတ်စေခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ သူတို့ထုတ်တဲ့ SSRI ဆေးတွေ အလုပ်ဖြစ်တယ်ဆိုတာကို သက်သေပြဖို့ သုတေသနတွေကို ငွေကြေးထောက်ပံ့ပြီး ဆရာဝန်တွေကိုလည်း ဆေးညွှန်းပို့ရေးပေးဖို့လှုံ့ဆော်ခဲ့ပါတယ်။ နောက်ပိုင်း သုတေသနတွေကတော့ အစောပိုင်း SSRI စမ်းသပ်မှုတချို့ကို ကုမ္ပဏီတွေကကြိုးကိုင်ခြယ်လှယ်ထားတယ်လို့ဖော်ထုတ်ခဲ့ပါတယ်။ GlaxoSmithKline၊ Forest Laboratories နဲ့ Takeda တို့လို ကုမ္ပဏီတွေက ဆရာဝန်တွေကို လက်ဆောင်ပေးပြီး လူနာတွေကို စိတ်ကျဆေးပို့ပေးဖို့ ဆွေးညွှန်းရေးခိုင်းခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ တရားစွဲခံခဲ့ရပါတယ်။

ဒါပေမဲ့ စိတ်ရောဂါတွေတိုးလာတာကို ဆေးဝါးကုမ္ပဏီတွေရဲ့ အကျိုးစီးပွားနဲ့ ရောဂါအမည်ပိုတပ်တာတို့နဲ့ချည်းမရှင်းပြနိုင်ဘူးလို့ တချို့ပညာရှင်များကယူဆကြပါတယ်။ သူတို့အမြင်အရ ယနေ့ခေတ်လူနေမှုပုံစံကိုက လူတွေကို စိတ်ပိုင်းဆိုင်ရာနာကျင်အောင်လုပ်နေတယ်လို့ဆိုထားပါတယ်။ စိတ်ရောဂါအထူးကုဆရာဝန်အဲလက်ကာမီက “လူသားတွေဟာ အစကတည်းက အုပ်စုလိုက်နေထိုင်ဖို့ ဖွံ့ဖြိုးလာခဲ့ကြတာဖြစ်ပြီး ရိုးရာယဉ်ကျေးမှုဓလေ့၊ ဘာသာရေးထုံးတမ်းတွေနဲ့ ချိတ်ဆက်ထားတဲ့ လူ့အသိုင်းအိုင်းတွေထဲမှာ အသက်ရှင်ဖို့ အဆင်ပြေတာပါ။ ဒါပေမဲ့ အခုခေတ်မှာတော့ လူတွေကမြို့ပြဘဝမှာအထီးကျန်ဆန်ဆန်နေထိုင်လာကြပြီး လှုပ်ရှားမှုနည်းလာတယ်၊ ဓာတုပစ္စည်းပါတဲ့အစားအစာတွေစားလာတယ်၊ သတင်းဆိုးတွေ၊ အကြမ်းဖက်သတင်းတွေကို နေ့တိုင်းကြည့်နေရတယ်” လို့ ရှင်းပြခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်က "Depression as a disease of modernity" ဆိုတဲ့ လေ့လာမှုမှာလည်း ယနေ့ခေတ်လူတွေဟာ အစာပိုစားပေမယ့် အာဟာရချို့တဲ့နေတယ်၊ လှုပ်ရှားမှုနည်းတယ်၊ နေရောင်မရဘူး၊ အိပ်ရေးပျက်နေတယ်၊ လူမှုဆက်ဆံရေးကင်းကွာလာတယ်လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် နိုင်ငံတစ်နိုင်ငံရဲ့ GDP မြင့်လေလေ စိတ်ရောဂါဖြစ်နိုင်ခြေပိုများလေလေလို့လည်း ဆိုပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလမှာ လော့ဒေါင်း၊ အထီးကျန်မှု၊ အလုပ်လက်မဲ့ဖြစ်မှုနဲ့ စိတ်ဖိစီးမှုတွေကြောင့် စိတ်ရောဂါဖြစ်မှုနှုန်းတွေ အလွန်မြင့်တက်လာခဲ့တယ်လို့ The Lancet ရဲ့လေ့လာမှုကဖော်ပြထားပါတယ်။ ဒါ့အပြင် social media အသုံးပြုမှုဟာ စိတ်ကျရောဂါ၊ စိုးရိမ်ပူပန်မှုနဲ့ မူမမှန်တဲ့အစာစားခြင်းဆိုင်ရာရောဂါတွေကို ဖြစ်စေတယ်ဆိုတဲ့ သုတေသန ၁၄၃ ခုကျော်ရှိနေပြီး အထူးသဖြင့် ဆယ်ကျော်သက်တွေမှာ အကျိုးသက်ရောက်မှုကြီးမားတယ်လို့ဆိုပါတယ်။ အမေရိကန်ရဲ့ သုတေသနတစ်ခုအရတော့ ကို social media သုံးနာရီကျော်အသုံးပြုတဲ့ ဆယ်ကျော်သက်တွေဟာ စိုးရိမ်ပူပန်မှုနဲ့ စိတ်ကျရောဂါဖြစ်နိုင်ခြေနှစ်ဆအထိ မြင့်တက်လာပါတယ်။ အမေရိကန်ဆယ်ကျော်သက်ထက်ဝက်နီးပါးက social media ဟာသူတို့ရဲ့စိတ်ကျန်းမာရေးကို အများအားဖြင့် မကောင်းတဲ့သက်ရောက်မှုပေးတယ်လို့ ယူဆကြပါတယ်။

ဒါဆို ဒီအခြေအနေတွေအပေါ်မှာ လူတွေစိုးရိမ်သင့်လားဆိုတဲ့မေးခွန်းတစ်ခုက နောက်ဆုံးကျန်နေပါတယ်။ အဖြေကတော့ “အခြေအနေပေါ်မူတည်တယ်” ဆိုတာပါပဲ။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ စိတ်ရောဂါဖြစ်ပွားမှုနှုန်းပိုမိုမြင့်မားနေပေမယ့် အဲဒီနိုင်ငံတွေက ဆေးဝါးကုမ္ပဏီတွေအတွက် အကြီးမားဆုံးဈေးကွက်တွေဖြစ်တာကြောင့် ရောဂါအမည်ပိုတပ်ခံရနိုင်တာရှိသလို ဆေးလွန်ကဲသုံးစွဲရနိုင်ခြေလည်းရှိပါတယ်။ ဒါပေမဲ့ တချို့ဖြေရှင်းနည်းတွေကတော့ ရှင်းပါတယ်။ ဖုန်းနဲ့ social media အသုံးပြုချိန်ကို ကန့်သတ်လိုက်တာ၊ အာဟာရပြည့်ဝအောင်စားတာ၊ လေ့ကျင့်ခန်းပုံမှန်လုပ်တာ၊ လူမှုဆက်ဆံရေးကောင်းမွန်အောင်တည်ဆောက်တာ၊ တရားထိုင်တာ၊ ဆုတောင်းမေတ္တာပို့တာတွေဟာ စိတ်ကျန်းမာရေးကောင်းမွန်ဖို့ သိပ္ပံနည်းကျ အရသာမက လက်တွေ့မှာလည်းလက်သင့်ခံထားတဲ့ အရာတွေဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: RT

ထက်မြတ်

ဘင်္ဂလားဒေ့ရှ်၌ ဝက်သက်ရောဂါကူးစက်မှု ကလေး ၅၀၀ ကျော် သေဆုံး

ဒါကာ၊ ကျန်းမာရေး

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝက်သက်ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ကလေးငယ် ၅၀၀ ကျော်သေဆုံးကြောင်း အစိုးရ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယခုကဲ့သို့ သေဆုံးသူမြင့်တက်လာခြင်းသည် နိုင်ငံအတွင်းကြိုတင်ကာကွယ်နိုင်သောရောဂါကြောင့်ဖြစ်ပွားသည့် လူအများဆုံးသေဆုံးမှုဖြစ်သည်။

ဒါကာမြို့ရှိဆေးရုံများတွင်လည်း ဝက်သက်လူနာများဖြင့်ပြည့်နှက်နေပြီး ယင်းလူနာများကို အခြားသောအဆောင်များ၌ လက်ခံထားရသော်လည်း အထူးကြပ်မတ်ကုသမှုပေးနိုင်ခြင်းမရှိကြောင်း၊ ထိုရောဂါကြောင့် ကလေးငယ်များသေဆုံးမှုသည် ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်းနှင့် ပြီးခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူ ၁၃ ဦးရှိသည့်အတွက် ဝက်သက်ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၁၂ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက မေလ ၂၃ ရက်တွင်ထုတ်ပြန်ထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းကို လုပ်ဆောင်နေဆဲဖြစ်ကြောင်းနှင့်လက်ရှိအချိန်အထိ ကလေးငယ် ၁၈ သန်းကို ဝက်သက်ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်း သိရသည်။

Ref: ST

ပါကစ္စတန်၌ ရထားတစ်စင်းကို အသေခံဗုံးခွဲတိုက်ခိုက် လူ ၂၄ ဦးသေဆုံး

အစ္စလာမ်မာဘတ်၊ အကြမ်းဖက်မှု

ပါကစ္စတန်နိုင်ငံ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များလိုက်ပါစီးနင်းလာသည့် ရထားတစ်စင်းကို အကြမ်းဖက်သမားများက အသေခံဗုံးခွဲတိုက်ခိုက်မှုလုပ်ဆောင်ရာ လူ ၂၄ ဦး သေဆုံးပြီး ၈၂ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။

ကတ်တာတပ်နယ်မှဘာသာရေးပွဲတော်အားလပ်ရက်ခွင့်ပြန်လာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တင်ဆောင်လာသော ရထားတစ်စင်းသည် မေလ ၂၄ ရက် နံနက် ၈ နာရီ ၅ မိနစ်တွင် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင်အမျိုးသမီးများ၊ ကလေးများလည်းပါဝင်ကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ အကြမ်းဖက်သမားများသည် ဖောက်ခွဲရေးပစ္စည်းကီလိုဂရမ် ၇၀ တင်ဆောင်လာသော ယာဉ်ဖြင့် တိုက်ခိုက်မှုလုပ်ဆောင်ခြင်းဖြစ်သည်ဟု ကနဦးအစီရင်ခံစာအရသိရသည်။

Ref: Xinhua

အီရန်က သန့်စင်ပြီးယူရေနီယံများစွန့်လွှတ်ရန် သဘောတူဟု အမေရိကန်တာဝန်ရှိသူများပြော



ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာထားသည့်သဘောတူညီချက်တွင် အီရန်နိုင်ငံက ၎င်း၏သန့်စင်ပြီးယူရေနီယံများကို စွန့်လွှတ်ရန်သဘောတူကြောင်း အမေရိကန်အရာရှိနှစ်ဦးက ပြောသည်။ ထရမ့်က အီရန်နှင့် သဘောတူညီချက်ရရန် နီးစပ်နေပြီး ဟော်မုဇရေလက်ကြားပြန်ဖွင့်နိုင်တော့မည်ဖြစ်ကြောင်း မေလ ၂၃ ရက်တွင် ပြောသည်။ သို့သော် ထရမ့်၏ပြောဆိုမှုနှင့်ပတ်သက်၍ အိမ်ဖြူတော်ကမှတ်ချက်ပြုထားခြင်းမရှိပေ။

အမေရိကန်ကပေးထားသော အဆိုပြုချက်တွင် အီရန်ကငင်း၏ယူရေနီယံများကို မည်မျှအထိစွန့်လွှတ်မည်ဟူသော အချက်ကိုဆုံးဖြတ်ထားခြင်းမရှိဘဲ လာမည့်ဆွေးနွေးပွဲများကျမှသာဆုံးဖြတ်မည်ဟု တာဝန်ရှိသူများကပြောသည်။ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ ထုတ်ပြန်ချက်အရ အီရန်တွင် ၆၀ ရာခိုင်နှုန်းအထိ သန့်စင်ထားသော ယူရေနီယံ ၄၄၀ ကီလိုဂရမ်ခန့်ရှိသည်ဟု သိရသည်။

ယခုသဘောတူညီချက်၏ အဓိကအစိတ်အပိုင်းတစ်ခုတွင် အီရန်နိုင်ငံ၏ ပြည်ပရှိထိန်းသိမ်းခံထားရသောငွေကြေးဘီလီယံပေါင်းများစွာကို ပြန်လည်ထုတ်ပေးရေးပါဝင်ပြီး အီရန်အနေဖြင့် နောက်ဆုံးနျူကလီးယား သဘောတူညီချက်ကို သဘောတူပြီးမှသာ ရန်ပုံငွေများကိုရရှိမည်ဖြစ်သည်။

လက်ရှိတွင် ထရမ့်ကြေညာထားသော သဘောတူညီချက်နှင့်ပတ်သက်၍ အီရန်ဘက်က မည်သည့်ထုတ်ပြန်ချက်မျှထုတ်ပြန်ထားခြင်းမရှိသေးသော်လည်း ထိုသို့သဘောတူညီချက်ရရှိရန် နီးစပ်မှုမရှိသေးကြောင်း မေလ ၂၂ ရက်တွင်ပြောထားသည်ဟုသိရသည်။

Ref: ST

အိန္ဒိယနိုင်ငံတောင်ပိုင်း၌ အပူချိန်မြင့်မားပြီး အပူလျှပ်မှုကြောင့် လူ ၁၆ ဦးသေဆုံး

နယူးဒေလီ၊ သဘာဝဘေး

အိန္ဒိယနိုင်ငံတောင်ပိုင်း၌ အပူချိန်မြင့်မားပြီး အပူလျှပ်မှုကြောင့် အနည်းဆုံးလူ ၁၆ ဦးသေဆုံးထားကြောင်း တာဝန်ရှိသူများက မေလ ၂၄ ရက်တွင်ထုတ်ပြန်ထားသည်။ အိန္ဒိယနိုင်ငံသည် အပူဒဏ်ပြင်းထန်မှုနှင့်အတူနေထိုင်ရသည်ကို အသားကျနေသော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် အပူလှိုင်းဖြစ်ပေါ်သည့်အချိန်ကာလ ပိုမိုကြာရှည်လာကာ အပူချိန်သည်လည်းပိုမိုပြင်းထန်လာကြောင်း သိပ္ပံပညာရှင်များကပြောသည်။

လက်ရှိတွင် တစ်နိုင်ငံလုံးရှိမြို့ကြီးများစွာတွင် အပူချိန်မှာ ၄၅ ဒီဂရီစင်တီဂရိတ်အထက်ရောက်ရှိနေကြောင်း၊ လူသေဆုံးမှုများမှာ နိုင်ငံတောင်ပိုင်းရှိတီလန်ဂါနာပြည်နယ်မှဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များကို လိုက်နာရန်လိုအပ်ကြောင်း တာဝန်ရှိသူများကပြောသည်။ အပူချိန်မြင့်တက်မှုကြောင့် ရေဓာတ်ခန်းခြောက်ခြင်းဖြစ်စေနိုင်ပြီး ယင်းမှတစ်ဆင့်လူသေဆုံးသည်အထိဖြစ်နိုင်ကြောင်းသိရသည်။

Ref: ST

ရုရှားက အသံနှုန်းလွန်ဒုံးကျည်အသုံးပြုပြီး ယူကရိန်းကိုလက်တုံ့ပြန်တိုက်ခိုက်



မော်စကို၊ စစ်ရေး

ရုရှားစစ်ဘက်သည် နိုင်ငံ၏နောက်ဆုံးပေါ် အဆင့်အမြင့်ဆုံးဒုံးကျည်ဖြစ်သော Oreshnik အသံနှုန်းလွန်ဒုံးကျည်အသုံးပြု၍ ယူကရိန်းနိုင်ငံ ကိယက်မြို့ကိုလက်တုံ့ပြန်တိုက်ခိုက်မှုလုပ်ကြောင်း သိရသည်။ ယူကရိန်းက ရုရှားနိုင်ငံနှင့်ပေါင်းစည်းထားသော လူးဟန်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ ဆရာအတတ်သင်ကျောင်းအိပ်ဆောင်ကို မေလ ၂၂ ရက်တွင် ဒရုန်းများဖြင့် တိုက်ခိုက်မှုလုပ်ခြင်းအပေါ် ရုရှားဘက်ကလက်တုံ့ပြန်သည့်အနေဖြင့် မေလ ၂၄ ရက်တွင် Oreshnik ဒုံးကျည်အပါအဝင် ဒုံးကျည်အစင်းပေါင်းများစွာ၊ ဒရုန်းအစင်းပေါင်းများစွာအသုံးပြု၍ ကိယက်မြို့ကိုတိုက်ခိုက်ခြင်းဖြစ်သည်။

ယူကရိန်း၏ တိုက်ခိုက်မှုကြောင့် ဆယ်ကျော်သက်မိန်းကလေးအများစု အပါအဝင်လူ ၂၁ ဦးသေဆုံးကာ ၄၂ ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့်ယူကရိန်းကိုလက်တုံ့ပြန်တိုက်ခိုက်နိုင်သည့်နည်းလမ်းများတင်ပြရန် ရုရှားသမ္မတကညွှန်ကြားခဲ့ခြင်းဖြစ်သည်။

Oreshnik ဒုံးကျည်သည် သမားရိုးကျဒုံးကျည်ထိပ်ဖူးများသာမက နျူကလီးယားထိပ်ဖူးများကိုပါသယ်ဆောင်ကာ ရန်သူ့လေပိုင်နက်အတွင်းသို့ အသံထက်အလွန်မြန်သောနှုန်းဖြင့်ဝင်ရောက်၍ ပစ်မှတ်များကို တိကျစွာထိမှန်နိုင်စွမ်းရှိကြောင်းသိရသည်။

Ref: RT

အိမ်ဖြူတော်အနီးဌာ သေနတ်ပစ်ခတ်သူကို ရဲတပ်ဖွဲ့ကအသေပစ်ခတ်ဖမ်းဆီး

ဝါရှင်တန်၊ ပြည်တွင်းရေး

အမေရိကန်သမ္မတအိမ်တော်ဖြစ်သည့် အိမ်ဖြူတော်အနီးဌာ သေနတ်ပစ်ခတ်မှုလုပ်သူအမျိုးသားတစ်ဦးကို အထူးရဲတပ်ဖွဲ့က အသေပစ်ခတ်ဖမ်းဆီးလိုက်ကြောင်း သိရသည်။ ပစ်ခတ်မှုဖြစ်ပွားချိန်တွင် သမ္မတဒေါ်နယ်ထရမ့်သည် အိမ်ဖြူတော်အတွင်းရှိနေကာ အီရန်နှင့်သဘောတူညီချက်ကိစ္စဆွေးနွေးနေခြင်းဖြစ်သည်။

အသက် ၂၁ နှစ်ရှိအမျိုးသားတစ်ဦးက မေလ ၂၃ ရက်ည ၆ နာရီကျော်တွင် အိမ်ဖြူတော်လုံခြုံရေးသတ်မှတ်စည်းအတွင်း သို့ဝင်ရောက်ကာ ၎င်း၏လွယ်အိတ်အတွင်းမှသေနတ်တစ်လက်ကိုထုတ်ပြီး ပစ်ခတ်မှုလုပ်ဆောင်ခြင်းဖြစ်သည်။ ထို့နောက် အထူးရဲတပ်ဖွဲ့က အဆိုပါအမျိုးသားကို တုံ့ပြန်ပစ်ခတ်မှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက်တွင် ထိုအမျိုးသားကို ဆေးရုံသို့ခေါ်ဆောင်သွားသော်လည်း ဆေးရုံရောက်ချိန်တွင် သေဆုံးနေပြီဖြစ်သည်ဟု တာဝန်ရှိသူများကပြောသည်။

အဆိုပါဖြစ်စဉ်တွင် အိမ်ဖြူတော်အနီးမှ ဖြတ်သွားသည့် လမ်းသွားလမ်းလာတစ်ဦးသည်လည်း သေနတ်ဒဏ်ရာရရှိကြောင်း အထူးရဲတပ်ဖွဲ့မှ ပြန်ကြားရေးအရာရှိအန်တိုနီဂူလိုင်းယယ်မီကပြောသည်။ ပစ်ခတ်မှုလုပ်သူသည် ယခင်ကစိတ်ရောဂါဖြစ်ဖူးသူဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့်လည်းကတောက်ကဆဖြစ်ဖူးကြောင်း သတင်းဌာနများကဖော်ပြထားသည်။

Ref: RT



ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



ပွင့်ဖြူ မေ ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ၆၆၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးမည်ဖြစ်သည်။

"ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်အောင် လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာတွေကို ပံ့ပိုးကူညီပေးမှာပါ။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို နှစ်သီးစားဝင်ငွေရအောင် မြေပဲ၊ နှမ်း စတဲ့သီးနှံတွေနဲ့ သီးထပ်၊ သီးညှပ်လည်း စိုက်ပျိုးတာတွေရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ပဲစင်းငုံစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် တောင်သူများ ဝင်ငွေတိုးပွားလာမည်ဖြစ်၍ ပဲစင်းငုံကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

တံတားမြို့နယ်၌ ဇီဝလုံခြုံမှုအစီအမံကိုအကောင်အထည်ဖော်၍ ရေချိုပုစွန်တုပ်ကြီးသားဖောက်ခြင်းနှင့် အသားတိုးမွေးမြူခြင်း အခြေခံသင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး တံတားခရိုင် တံတားမြို့နယ် ငါးလုပ်ငန်းသိပ္ပံ(တံတား)ကျောင်း၌ ဇီဝလုံခြုံမှုအစီအမံကိုအကောင်အထည်ဖော်၍ ရေချိုပုစွန်တုပ်ကြီးသားဖောက်ခြင်းနှင့် အသားတိုးမွေးမြူခြင်း အခြေခံသင်တန်းကို မေလ ၂၃ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ ၂၀၂၅ အစီအစဉ်ဖြင့် ကျင်းပသည့် ဇီဝလုံခြုံမှုအစီအမံကို အကောင်အထည်ဖော်၍ ရေချိုပုစွန်တုပ်ကြီးသားဖောက်ခြင်းနှင့် အသားတိုးမွေးမြူခြင်း အခြေခံသင်တန်းကို နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်နှင့် အညီ စားရေရိက္ခာဖူလုံရေး၊ လူတစ်ဦးချင်း ဝင်ငွေတိုးတက်ရေးနှင့် ဒေသအချင်းချင်း ကြား ဆင်းရဲချမ်းသာကွာဟမှုကျဉ်းမြောင်းရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ငါး၊ ပုစွန်မွေးမြူသူများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ငါးလုပ်ငန်းဦးစီးဌာနနှင့် ပြင်ပနည်းပညာရှင်များအား ဂုဏ်ပြုဆုများချီးမြှင့်သည်။ ယင်းနောက် စီမံကိန်းတာဝန်ခံ ဒေါက်တာအောင်နိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ရေချိုပုစွန်တုပ်ကြီးသားဖောက်ခြင်း၊ ဇီဝလုံခြုံမှု၊ အသားတိုးမွေးမြူခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း၊ ရေချိုပုစွန်တုပ်ကြီးသားပေါက်ပျိုးခြင်းများကို သင်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မျိုးလှိုင်(တံတား)

ညောင်တုန်းမြို့နယ်၌ တီလားဗီးယားများ အရောင်းအဝယ်ကောင်းမွန်နေ

ညောင်တုန်း မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ တီလားဗီးယားများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်ရှိ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ခင်ခင်၏ပြောဆိုချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်၌ တီလားဗီးယားများ ယခုနှစ် မေလတတိယပတ်မှစတင်ပြီး ဝယ်လိုအားကောင်းလာကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ တီလားဗီးယားများ တစ်ရက်လျှင် ပိဿာ ၄၀၀၀ မှ ၅၅၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိတီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ ညောင်တုန်းမြို့နယ်ကနေ တခြားဒေသတွေကို ပိသာများများတင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက်ငါးတွေကို ပင်လယ်စာဆိုင်တွေက အများဆုံးဝယ်ယူကြတယ်။ လက်ရှိအရောင်းအဝယ်ကောင်းနေတာကြောင့် ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေအားလုံး အဆင်ပြေနေပါတယ်" ဟု ဒေါ်ခင်ခင်ကပြောသည်။

ညောင်တုန်းမြို့နယ်၌ အရောင်းအဝယ်ကောင်းမွန်နေသည့် တီလားဗီးယားများမှာ အရွယ်အစားနှင့် လတ်ဆတ်မှုပေါ်မူတည်ပြီး ဈေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။

သုတကျော်

ကျုံဒိုးမြို့၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဩဇာကြဲပက်ခြင်းကွင်းသရုပ်ပြပွဲကျင်းပ

ကျုံဒိုး မေ ၂၄

ကရင်ပြည်နယ်အတွင်း မိုးစပါးလျာထားဧကပြည့်မီကျော်လွန်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဩဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို မေလ ၂၃ ရက်က ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ဒေါဖျာကျေးရွာအုပ်စု ကော့ဘော်ကျေးရွာ ကွင်းအမှတ်(၇၄/ခ)ရှိ တောင်သူဦးထွန်းကြည်၏ ဧက ၄၀ စပါးစိုက်ခင်း၌ ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်လွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ ပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးမှူး၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျုံဒိုးမြို့ အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်လွင်က တောင်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အကြောင်းအရာများနှင့် မြေဩဇာစပ်နည်းတို့ကိုလည်းကောင်း၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးက စက်မှုလယ်ယာထွန်စက်ပစ္စည်းများနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့်တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကွင်းအတွင်း မြေဩဇာကြဲပက်မှုကို ကြည့်ရှုအားပေးကြပြီး စိုက်ပျိုးတောင်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ပိုက်ဆန်လျှော်မျိုးစေ့များနှင့် စက်သုံးဆီဒီဇယ်များ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့



ပဲခူးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်

ပဲခူး မေ ၂၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့နယ်ကင်းပိုင်ကျဲကျေးရွာအုပ်စု၌ ရေကြီးရေနက်ကွင်းမှလယ်မြေများအား ရေတော်မိုးတော်လယ်မြေအဖြစ် မိုးရာသီအမီ မိုးစပါးစိုက်ပျိုးနိုင်ရေး ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကင်းပိုင်ကျဲရိုးအရှည်ပေ ၃၅၀၀ တူးဖော်နေမှု ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် အခြေခံပညာအလယ်တန်းကျောင်း(ကင်းပိုင်ကျဲ) ကျောင်းဆောင်တိုးချဲ့တည်ဆောက်မည့် မြေနေရာသို့ ရောက်ရှိခဲ့ပြီး အခြေခံပညာအလယ်တန်းကျောင်းတည်ဆောက်ရန် သတ်မှတ်ထားသည့် မြေဧကအတိုင်း ပြည့်ဝစွာရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသားနှင့် ကျောင်းဆောင်လိုအပ်ချက်အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ၫင်းနောက် ပဲခူးမြို့နယ် ဘူးလယ်အင်းကျေးရွာအုပ်စု မေတ္တာမြေကုမ္ပဏီလီမိတက်၏ အုပ်ကြွပ်မိုးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လုပ်ငန်းရှင် ဦးဝေဇင်အောင်က အုပ်ကြွပ်မိုးလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်အား လိုက်လံရှင်းလင်းပြသခဲ့ရာ ဒေသထွက်ကုန်ကြမ်းပစ္စည်းဖြင့် ဆောင်ရွက်ရသည့်အတွက် ပေါ့ပါးခိုင်ခံ့ပြီး သယ်ယူရလွယ်ကူသည့် အုပ်ကြွပ်မိုးများစမ်းသစ်တီထွင် ထုတ်လုပ်နိုင်ရေးနှင့် စျေးကွက်ရရှိရေးတို့အား ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၁၀)

ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေး မြေပြင်စည်းရုံးလှုံ့ဆော်

ဘားအံ မေ ၂၄

ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် အိန္ဒကျေးရွာ ရွာလယ်လမ်းဆုံတွင် ဖြတ်သန်းသွားလာနေသူများ၊ အိန္ဒစျေးအတွင်း စျေးရောင်းချနေသူများ၊ လာရောက်စျေးဝယ်နေသူများကို ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာများ၊ အခမဲ့ထောက်ပံ့ပေးမည့်အစီအစဉ်များ၊ သိရှိလိုက်နာရမည့်အချက်များ၊ မိဘအုပ်ထိန်းသူပြည်သူများသို့ မေတ္တာရပ်ခံချက်များပါဝင်သည့် ကျောင်းအပ်နှံရေးလှုံ့ဆော်လက်ကမ်းစာစောင်များကို ဖြန့်ဝေ၍ မိမိတို့ပတ်ဝန်းကျင်ရှိ ကျောင်းနေအရွယ်ကလေးများကို ကျောင်းသို့အပ်နှံပညာသင်ကြားပေးကြရန် စည်းရုံးလှုံ့ဆော်ကြသည်။

ထို့နောက် အိန္ဒကျေးရွာအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး မေလ ၂၅ ရက်မှစ၍ ကျောင်းအပ်လက်ခံနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ထောက်ပံ့ပေးမည့်ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံ၊ ခဲတံ၊ ဘောပင်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ အဆိုပါကျောင်း၏ကျောင်းအုပ် ဆရာကြီးက စွန့်ပစ်ပလတ်စတစ်များမှတစ်ဆင့်ပေါင်းခံ၍ (ဘိုင်အိုဒီဇယ်)စက်သုံးဆီထုတ်ယူ၍ တစ်လုံးထိုးဒီဇယ်အင်ဂျင်များတွင် အသုံးပြုနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ကြီးကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ပြည်နယ်၏ခရီးစဉ်ဒေသတစ်ခုဖြစ်သော လွန်းညရေပြာအိုင် ခရီးစဉ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏ခရီးစဉ်ဒေသအသစ်တစ်ခုဖြစ်သော ဘားအံမြို့နယ် လှာကဒေါင်အင်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၅-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၈၅	၄၇၇၀	၄၇၁၀	၄၆၀၀	၄၇၇၀	၄၇၈၅	၄၈၃၅	၄၆၀၀	၄၈၃၅	၅၁၅၅	၄၇၀၅	၄၈၇၅	၄၈၁၀	၄၇၆၀	၄၇၆၀	၄၉၇၅
95 Ron	၄၆၅၀	၄၈၄၀	၄၇၇၅	၄၆၆၅	၄၈၄၀	၄၈၅၀	၄၉၀၀	၄၇၅၀	၄၉၀၀	၅၂၂၀	၄၇၇၀	၄၉၆၀	၄၈၇၅	၄၈၃၀	၄၈၃၀	၅၀၄၀
HSD (500 ppm)	၄၄၆၀	၄၆၄၀	၄၅၈၀	၄၄၇၅	၄၆၄၀	၄၆၅၀	၄၇၀၀	၄၅၅၀	-	၅၀၀၅	၄၅၇၅	၅၀၅၅	၄၆၇၅	၄၆၃၀	၄၆၃၀	၄၈၃၀
HSD (50 ppm)	၅၄၈၅	၅၆၇၀	၅၆၁၀	၅၅၀၀	၅၆၇၅	၅၆၈၅	၅၇၃၅	၅၅၈၀	၅၇၃၅	၆၀၅၅	၅၆၀၅	၅၇၆၅	၅၇၁၀	၅၆၆၀	၅၆၆၀	၅၈၇၅
HSD (10 ppm)	၅၄၈၅	၅၆၇၀	၅၆၁၀	၅၅၀၀	၅၆၇၅	၅၆၈၅	၅၇၃၅	၅၅၈၀		၆၀၅၅	၅၆၀၅	၅၇၆၅	၅၇၁၀	၅၆၆၀	၅၆၆၀	၅၈၇၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၄၈	၄၄၆၈
95 Ron	၄၄၁၃	၄၅၃၅
HSD (500 ppm)	၄၂၄၁	၄၃၅၆
HSD (50 ppm)	၅၂၁၉	၅၃၅၄
HSD (10 ppm)	၅၂၁၉	၅၃၅၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန် ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မုံရွာမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ

မုံရွာ မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံရေးသီတင်းပတ် အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ရှိ ပြည်ထောင်စုလမ်းနှင့် ကျောက္ကာလမ်းဆုံမီးပွိုင့်၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





ကြံခင်းမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲများကျင်းပ

ကြံခင်း မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်များတွင် ပြင်ပဗဟုသုတများတိုးပွားလာစေရန်၊ လူအများရှေ့မှောက်တွင် ပြောဆိုတတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ မေလ ၂၄ ရက် နံနက်ပိုင်းတွင် စာဖတ်ရှုနိုင်မြှင့်တင်ရေး ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲများကျင်းပသည်။

အခမ်းအနားကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က အသိပညာပေးလုပ်ငန်းများနှင့် ဉာဏ်ပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဧရာဝတီတိုင်းဒေသကြီး (တာဝန်ခံ) ဗဟိုအလုပ်အမှူဆောင်ဦးအောင်ဆန်းဝင်းက လူငယ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့များနှင့် အသင်းအဖွဲ့များက ဘက်ပေါင်းစုံမှကူညီပံ့ပိုးပေးလျက်ရှိကြောင်းပြောကြားသည်။

ဆက်လက်၍ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် "မူးယစ်ရန်ကွယ်တို့ကာကွယ်" မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုစစ်ဆေး

မင်းလှ မေ ၂၄

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ဥယျာဉ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက မေလ ၂၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဥယျာဉ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မင်းလှမြို့နယ်ဥယျာဉ်ကျေးရွာ၌ အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၂၀ သန်း စုစုပေါင်းငွေကျပ် ၂၅ ဒသမ ၂၀ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလ ၁၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ ၃၈ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကိုညီ(ကျေးလက်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

စဉ့်ကိုင် မေ ၂၄

မန္တလေးတိုင်းဒေသကြီး တံတားဦး (စဉ့်ကိုင်တွဲ) မြို့နယ်သစ်တောဦးစီးဌာနမှူးရုံးမှ ရက် ၁၀၀ စီမံချက်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေး၊ ရေရွှေတာရေးနှင့်တရားမဝင်သစ်ထုတ်လုပ်မှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို မေလ ၂၄ ရက် နံနက်ပိုင်းတွင် ညောင်ပင်ကြီးကျေးရွာအုပ်စု ထန်းသုံးပင်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (ထန်းသုံးပင်)၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ (မြို့နယ်တာဝန်ခံ) တောအုပ်ဦးတင့်လွင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများ၊ သစ်တောပြုန်းတီးမှုကြောင့် ခံစားနေရသော ဆိုးကျိုးများ၊ တရားမဝင်သစ်ထုတ်လုပ်မှုလျော့နည်းပပျောက်ရေးကို ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်းရေး၊ ရေသယံဇာတများထိန်းသိမ်းရေး၏အရေးပါမှုများကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ တောအုပ် ဦးကျော်မင်းက သစ်ပင်သစ်တောများဖြင့် အိမ်ခြံဝင်းနှင့် ရပ်ကွက်/ကျေးရွာများ၊ လမ်းများမှသည် မြို့ပြများအထိ သစ်တောဖုံးလွှမ်းမှုများတိုးပွားလာစေရေးနှင့် သစ်ပင်ပန်းမန်များကို အင်တိုက်အားတိုက်အရှိန်အဟုန်ဖြင့် စိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တောအုပ် ဦးဆွေဦးက မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိအမြင်များ၊ တောမီးကာကွယ်ရေးဆိုင်ရာ အကျိုးကျေးဇူးများ၊ မိမိတို့ကျေးရွာနှင့် ပတ်ဝန်းကျင်ကို မမျှော်လင့်သော မီးဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ၊ လက်တွေ့ကြုံလာပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသိပညာပေးဟောပြောပြီး ကျေးရွာသူ၊ ကျေးရွာသားများအား အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေကြကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

မလိုသောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၅၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၈၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၀၂၅၀၇၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၅၅၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ကမမောင်းမြို့၌ ရေပြင်ရှာဖွေကယ်ဆယ်ရေးနှင့်ရေပြင်မီးငြှိမ်းသတ်ရေး သဏ္ဌာန်တူသရုပ်ပြပွဲကျင်းပ



ကမမောင်း မေ ၂၄

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ သံလွင်ဦးမြို့မဈေးရှေ့ စက်လှေဆိပ်၌ ရေဘေးအပါအဝင် တခြားသောသဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန် ရေပြင်ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြှိမ်းသတ်ရေး သဏ္ဌာန်တူသရုပ်ပြပွဲကို မေလ ၂၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ ဖာပွန်ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က မိုးတွင်းကာလ ရေကြီးရေလျှံမှုဖြစ်ပွားပါက ကြုံတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်နှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ သံလွင်မြစ်ကြောင်းတစ်လျှောက် ကူးသန်းသွားလာနေသော ခရီးသည်များနှင့်စက်လှေမောင်းနှင်သူများအား Life Jacket များဝတ်ဆင်ပြီးမှ သွားလာကြရန် အသိပညာပေးပြောကြားသည်။

ဆက်လက်၍ ဖာပွန်ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင် ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးက ရှာဖွေကယ်ဆယ်ရေး စက်လှေငါးစင်းဖြင့် သံလွင်မြစ်အတွင်း ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် မီးငြှိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရေနစ်မြုပ်သူနှင့် ဒဏ်ရာရရှိသော လူနာများ၊ အရေးပေါ်လူနာများအား သက်ဆိုင်ရာကျန်းမာရေးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း စသည့် ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

ပွင့်ဖြူမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပွင့်ဖြူ မေ ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသောသွေးလွန်တုပ်ကွေးရောဂါ ကြုံတင်ကာကွယ်ရန်နှင့် မြို့နယ်အတွင်းရှိ ကလေးငယ်များသွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ရည်ရွယ်၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မေလ ၂၃ ရက်က အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြုံတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရဲလင်းတိုးနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းအဖွဲ့က မြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ကြုံတင်ကာကွယ်ရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ ရေတိုင်ကီများ၊ ကျောက်စည်ပိုင်းများ၊ ရေလှောင်ကန်များအတွင်း ခြင်္သေ့များ၊ ပိုးလောက်လမ်းများ ပေါက်ပွားမှုမှကာကွယ်နိုင်ရန် အဘိတ်ဆေးခတ်ခြင်း၊ ခြင်္သေ့များ ခိုအောင်းနိုင်သောနေရာများနှင့် ရေတင်ကျန်နိုင်သော ဘူး၊ ခွက်များ၊ တာယာအဟောင်းများ၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ဘိုကလေးမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့သီတင်းပတ်အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူ

ဘိုကလေး မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံခရိုင် ဘိုကလေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မေလ ၂၃ ရက်က ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူကြောင်း သိရသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့ ဆောင်ပုဒ်ပါ ကျောင်းအပ်နှံရေးသီတင်းပတ်ဆိုင်းဘုတ်ကို စုပေါင်းစိုက်ထူပြီး အမွေးနုံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဘိုကလေးမြို့နယ်၌ ကျောင်းနေအရွယ်ကလေးများ ပညာသင်အခွင့်အလမ်းများ ရရှိစေရေး ကျောင်းအပ်နှံရေးနေ့အဖြစ် မေလ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားကြောင်း၊ ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်မှ သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို အခမဲ့ပေးအပ်မည်ဖြစ်ပြီး အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံများကို အခမဲ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။**မိုးစက်(ဘိုကလေး)**



ကျောင်းသား ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကျင်းပ

မန္တလေး မေ ၂၄

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ စဉ်းစားတွေးခေါ်တတ်စေရန်၊ ဗလငါးတန်ပြည့်စုံစေရန်နှင့် အနာဂတ်ကာလတွင် မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကို မေလ ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ သရုပ်ဖော်စမ်းပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ ပုံဆက်ဆွဲပြိုင်ပွဲ၊ ပုံတူရွေးချယ်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများ ပါဝင်ရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအသီးသီးတွင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူများ အသိပညာဗဟုသုတတိုးတက်စေရန် စာအုပ်စာပေများဌာနရမ်းပေးခြင်း၊ သတင်းမှန်များကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီထုတ်လွှင့်ပေးခြင်း၊ စာဖတ်ရှုနိုးဆွတ်ခြင်း၊ လူငယ်ရေးရာ၊ လူငယ်စကားပုံဝိုင်း၊ စာဖတ်ဝိုင်းများ ကျင်းပပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၂)

မူးယစ်ဆေးဖြတ်သင်တန်းသားများအား ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေး

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းခရိုင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ မေလ ၂၃ ရက်က မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုနှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနတို့ပူးပေါင်း၍ ရက် ၁၀၀ စီမံချက်ဖြင့် မူးယစ်ဆေးဖြတ်သင်တန်းသားများအား ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ရှေးဦးစွာ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ပြန်လည်ထူထောင်ရေး ဦးစီးဌာန ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်)မှ ဦးစီးအရာရှိဦးအောင်ကိုကိုက ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် မူးယစ်ဆေးစွဲသူများအား မူးယစ်ဆေးဖြတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေမှုများ၊ ဆေးဖြတ်ပြီးပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနောက်ဆက်တွဲ စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ ပြောကြားသည်။ ယင်းနောက်တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

နိုင်လင်းအောင်

ဂျာမန်ပိုကယ်ဖလားဗိုလ်လုပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းက စတုဂတ်အသင်းကို အနိုင်ရရှိပြီး ချန်ပီယံဆုဖလားဆွတ်ခူးရရှိ



ဘာလင် မေ ၂၄

ယခုဘောလုံးရာသီ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းက စတုဂတ်အသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက စတုဂတ်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်ကာ ပွဲချိန် ၅၅ မိနစ်၊ ပွဲချိန် မိနစ် ၈၀ နှင့် ပွဲချိန် ၉၂ မိနစ်တို့တွင် ဟယ်ရီကိန်းတစ်ဦးတည်းက ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ပြီး နောက် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုဘောလုံးရာသီတွင် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဖလားဆွတ်ခူးနိုင်သကဲ့သို့ ဂျာမန်စူပါဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ကာ ယခုအခါတွင်လည်း ဂျာမန်ပိုကယ်ဖလားကိုပါ ဆွတ်ခူးနိုင်သည့်အတွက် တစ်ရာသီအတွင်း ပြည်တွင်းဆုဖလားသုံးလုံးစလုံးဆွတ်ခူးနိုင်ခြင်းဖြစ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်အထိတက်ရောက်နိုင်ခဲ့သော်လည်း ပီအက်စ်ဂျီအသင်းကိုရှုံးနိမ့်သည့်အတွက် ဆီမီးဖိုင်နယ်အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီက နောက်ဆုံးအကြိမ် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုဘောလုံးရာသီမှသာ ပြန်လည်ဆွတ်ခူးနိုင်ကာ ၂၁ ကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်သို့ ၂၅ ကြိမ်မြောက်တက်ရောက်နိုင်ခဲ့ကာ ၂၁ ကြိမ်ချန်ပီယံဆုဆွတ်ခူးပြီး လေးကြိမ်ဒုတိယဆုရရှိခဲ့ကာ ပြိုင်ပွဲတွင် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။

ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၁၈ ဂိုးဖြင့် သွင်းဂိုးအများဆုံးကစားသမားဆုအပြင် ပြိုင်ပွဲ၏အကောင်းဆုံးကစားသမားဆုကိုပါ ဆွတ်ခူးနိုင်ခဲ့သည့်ဟယ်ရီကိန်းသည် ယခုဘောလုံးရာသီတွင် နိုင်ငံအသင်းနှင့် ကလပ်အသင်း သွင်းဂိုး ၆၆ ဂိုးအထိရှိလာပြီး ဥရောပထိပ်တန်းလိဂ်များတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

Ref;B/R Football

မန်ယူအသင်းက အတ္တလန္တာအသင်းမှ အီဒါဆန်အား ခေါ်ယူနိုင်ရန် နီးစပ်နေ

မန်ချက်စတာ မေ ၂၄

မန်ယူအသင်းက အသင်းကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလမတိုင်မီ အတ္တလန္တာအသင်းမှ ကွင်းလယ်ကစားသမား အီဒါဆန်အား ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိပြီး နောက်ဆုံးအဆင့်ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီအကုန်တွင် အသင်းကွင်းလယ်ပိုင်းမှ ကက်စ်မဲရိုးထွက်ခွာမည်ဖြစ်သည့်အတွက် ၎င်း၏နေရာ၌ အီဒါဆန်နှင့် အစားထိုးရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အစောပိုင်းက အီဒါဆန်သည် အက်သလက်တီကို အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့သော်လည်း မန်ယူအသင်းက ကြားဖြတ်ကမ်းလှမ်းမှုများလုပ်ဆောင်ပြီးနောက် အီဒါဆန်ကိုယ်တိုင်ကလည်း အက်သလက်တီကိုအသင်းထက် မန်ယူအသင်းသို့သာ ပြောင်းရွှေ့ကစားလိုနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် အစောပိုင်းက ပဲလေ့စ်အသင်းမှ ဝါတန်၊ နော်တင်ဟမ်အသင်းမှ အန်ဒါဆန်တို့ကို ခေါ်ယူလိုခဲ့သော်လည်း ၎င်းတို့အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးပေးရမည်ဖြစ်သည့်အတွက် ပြောင်းရွှေ့ကြေးနည်းပါးသည့် အီဒါဆန်ကို ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး မကြာမီအပြောင်းအရွှေ့ဖြစ်မြောက်ဖွယ်ရှိကြောင်း သိရသည်။

Ref;433.com

စီရော်နယ်ဒိုကိုကျော်ဖြတ်ပြီး ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဂျာအိုဖီးလစ်ဆွတ်ခူး

ရီယက် မေ ၂၄

အယ်နာဆာအသင်း တိုက်စစ်ကစားသမား ဂျာအိုဖီးလစ်သည် အသင်းဖော် စီရော်နယ်ဒိုကို ကျော်ဖြတ်ပြီး ယခုဘောလုံးရာသီ ဆော်ဒီပရိုလိဂ် ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဂျာအိုဖီးလစ်သည် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ချယ်လ်ဆီးအသင်းမှ ပြောင်းရွှေ့ကြေးယူရှိ သန်း ၃၀ ဖြင့် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ဆော်ဒီပရိုလိဂ်တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် ဂျာအိုဖီးလစ်သည် အယ်နာဆာအသင်းနှင့်အတူ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ၃၃ ပွဲကစားရာ သွင်းဂိုး ၂၈ သွင်းယူနိုင်သည့်အပြင် ဂိုးဖန်တီးမှုလည်း ၁၃ ကြိမ်ပြုလုပ်နိုင်ကာ ဂိုးပါဝင်ပတ်သက်မှု ၃၃ ကြိမ်အထိလုပ်ဆောင်နိုင်ပြီး ဂိုးဖန်တီးမှုအများဆုံးကစားသမားစာရင်းတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

ဂျာအိုဖီးလစ်သည် အသင်းနှင့်အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် အသင်းဖော် စီရော်နယ်ဒို နှင့်အယ်အာလီအသင်းမှ အိုင်ဗန်တိုနေးတို့ကို ကျော်ဖြတ်ပြီး တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဆော်ဒီပရိုလိဂ် ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကိုလည်း အယ်နာဆာအသင်းကို ချန်ပီယံဆုဆွတ်ခူးပေးနိုင်သည့် နည်းပြ ဂျီးဆပ်က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

Ref;TNT Football



မန်စီးတီးအသင်းနည်းပြရာထူးမှ ထွက်ခွာပြီးနောက် စီးတီးဘောလုံးအုပ်စု၏ သံတမန်အဖြစ် ဂွါဒီယိုလာ တာဝန်ယူဆောင်ရွက်မည်

မန်ချက်စတာ မေ ၂၄

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ယခုဘောလုံးရာသီအကုန်တွင် မန်စီးတီးအသင်းနည်းပြရာထူးမှထွက်ခွာပြီးလျှင် စီးတီးဘောလုံးအုပ်စု၏ကမ္ဘာလုံးဆိုင်ရာသံတမန်အဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းကို ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက စတင်တာဝန်ယူခဲ့ပြီး အသင်းကို တာဝန်ယူကိုင်တွယ်ချိန်မှစတင်ပြီး ဥရောပထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်နိုင်ခဲ့သည့်အပြင် ဆုဖလားများစွာကိုလည်း ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

မန်စီးတီးအသင်းနှင့် နည်းပြ ဂွါဒီယိုလာတို့ကြား စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသော်လည်း ဂွါဒီယိုလာကိုယ်တိုင်က အသင်းမှ ထွက်ခွာလိုနေသည့်အတွက် ရာသီအကုန်တွင် ထွက်ခွာရန်ဆုံးဖြတ်ခဲ့သော်လည်း စီးတီးဘောလုံးအုပ်စုတွင် ကမ္ဘာလုံးဆိုင်ရာသံတမန်အဖြစ် ပြန်လည်တာဝန်ယူမည်ဖြစ်သည်။

လက်ရှိတွင် စီးတီးဘောလုံးအုပ်စုသည် နောက်ပိုင်းနှစ်များတွင် ကလပ်အသင်းများစွာကိုဝယ်ယူခဲ့ကာ ဘောလုံးလောကတွင် အင်အားကြီးအုပ်စုအဖြစ် ရပ်တည်နေပြီး မန်စီးတီးအသင်းအပါအဝင် မဲလ်ဘုန်းအသင်း၊ နယူးယောက်စီးတီးအသင်း၊ ထရွိုင်းယက်အသင်း၊ လိုမယ်အသင်း၊ ဂီရိုနာအသင်း၊ ဂျုန်ဇန်းအသင်း၊ ယိုကိုဟားမားအသင်း၊ ပါလာမိုအသင်း စသည့် ကမ္ဘာတစ်ဝန်းမှ ကလပ်အသင်းများကို ပိုင်ဆိုင်ထားသည့်အုပ်စုဖြစ်သည်။

နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းကို ဆယ်စုနှစ်တစ်ခုအတွင်း ပရီးမီးယားလိဂ်ဖလားခြောက်ကြိမ်၊ အက်ဖ်အေဖလား သုံးကြိမ်၊ ကာရာဘောင်းဖလား ငါးကြိမ်၊ ကွန်မြူနတီဒိုင်း သုံးကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ ဥရောပစူပါဖလားတစ်ကြိမ်နှင့် ကလပ်ကမ္ဘာ့ဖလားတစ်ကြိမ် ဆွတ်ခူးပေးနိုင်သည့် ထိပ်တန်းနည်းပြတစ်ဦးဖြစ်ကြောင်း သိရသည်။

Ref;The Athletic

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသား ၂၇ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား ၂၇ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ မေလ ၂၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၈၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၂၁ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၄ ဦးတွင် မြန်မာနိုင်ငံ



ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်ရေးစစ်ဆေးဆောင်ရွက်စဉ်။

လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးနှိုက်ညည့်အတွက်ကျန်နှိုက်ညည့်ပြည်ပနိုင်ငံသား ၅၀၂ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၄

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG) တို့ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလိမိတက်ကအခိုကပံ့ပိုးကူညီကာ Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးပွဲစဉ်(၃၂)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ တွဲဆိုင်း ၁၀ ဆိုင်းကျင်းပသည်။

အဆိုပါပြိုင်ပွဲ ၃ မိနစ်ထိုး ၂ မိနစ်နားသုံးချီပြိုင်ပွဲ၌ ရဲမင်းအောင် (Smart Fight) နှင့်မိုးကြိုး (555 Sport)၊ထက်ဝေယံ (ကျားမနိုင်)နှင့်ခေးဘွေးထူး (ရိုးရာကျား)၊ရန်မျိုးအောင် (YMA)နှင့် ဝေါဝေါဇော် (ရိုးရာကျား)၊ ဗညား(Strong Westler)နှင့် ဟိန်းထက်အောင်(ရွှေဒေါင်းဖြူ)၊ ရွှေထီး(YMA)နှင့်နိုင်ဇင်ဦး (ကျားဘုရင်)တို့ပြိုင်ပွဲများတွင် အလှူးအလဲဖြင့်ပူးတွဲသရေများကျခဲ့ကာ ပရိသတ်အကြိုက်ပွဲကောင်းများဖြစ်ခဲ့သည်။ ရဲမင်းအောင် (Smart Fight)နှင့် မိုးကြိုး (555 Sport)၊ ထက်ဝေယံ (ကျားမနိုင်)နှင့်ခေးဘွေးထူး(ရိုးရာကျား)၊ ရန်မျိုးအောင် (YMA)နှင့်ဝေါဝေါဇော်(ရိုးရာကျား)၊ ဗညား (Strong Westler)နှင့်ဟိန်းထက်အောင် (ရွှေဒေါင်းဖြူ)၊ ရွှေထီး (YMA)နှင့်နိုင်ဇင်ဦး (ကျားဘုရင်)တို့ပြိုင်ပွဲများတွင်အလှူးအလဲဖြင့်ပူးတွဲသရေများကျခဲ့ကာ ပရိသတ်အကြိုက်ပွဲကောင်းများဖြစ်ခဲ့သည်။

ဆက်လက်၍ သားသား (ဓနုဖြူ)က ချင်းသွေးရိုင်း (Top One)ကို ဒုတိယအချီ၌ လက်သီးတွဲဖြင့်အလဲထိုးနိုင်ခဲ့ပြီး ပြည့်ဖြိုးအောင် (ကျားဘုရင်)က စောကီးဒို (Nine Club)ကိုဒုတိယအချီမှာအလဲထိုးနိုင်ခဲ့သည်။ ထို့ပြင်စောမျိုးကျော် (ဓနုဖြူ)နှင့် ဒေးဗစ် (MK–1)တို့ပြိုင်ပွဲတွင် ဒေးဗစ်လက်သီးခြေကန်ချက်များကြောင့် စောမျိုးကျော်ဒုတိယအချီမှာ အနားတောင်းခဲ့ကာ ဆက်လက်မယှဉ်ပြိုင်နိုင်၍ ဒေးဗစ်အနိုင်ရရှိခဲ့သည်။ ဖိုးခွားစိ (ပဲခူးကလပ်)နှင့် စောလင်းထက်နိုင် (ဓနုဖြူ)တို့ပြိုင်ပွဲတွင် ဖိုးခွားစိခြေကန်ချက်၊ လက်သီးတွဲလုံးတရစပ်များကြောင့် ဒုတိယအချီမှာစောလင်းထက်နိုင်အနားတောင်းခဲ့ကာ တတိယအချီတွင် ဆက်လက်မယှဉ်ပြိုင်နိုင်၍ အနှုံးပေးခဲ့သည်။ စထက်လင်း (MK–1)နှင့် စောမောနီးရှိုင်း (DOJO 9) တို့ပြိုင်ပွဲ၌ သူတင်ကိုယ်တင် တတိယအချီအထိထိုးကြကာ တတိယအချီမှာပင် စထက်လင်းလက်သီးကြောင့် စောမောနီးရှိုင်းထိုင်ကျကာ ဆက်လက်မယှဉ်ပြိုင်၍ အနှုံးပေးလိုက်ရသည်။ **လင်းခန့်**



မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၄-၅-၂၀၂၆

သထုံ	၃	ဒသမ	၈၂	လက်မ
မြန်အောင်	၃	ဒသမ	၄၃	လက်မ
စစ်တွေ	၂	ဒသမ	၈၂	လက်မ
သာယာဝတီ	၂	ဒသမ	၇၆	လက်မ
ကျိုက်လတ်	၂	ဒသမ	၆၀	လက်မ
မအူပင်	၂	ဒသမ	၄၄	လက်မ
ကျောက်ဖြူ	၂	ဒသမ	၃၄	လက်မ
ကြို့ပင်ကောက်	၂	ဒသမ	၁၇	လက်မ
မော်လမြိုင်	၂	ဒသမ	၁၅	လက်မ

ရန်ကုန်အထိုင်လက်ကားမြေဩဇာရည်ညွှန်းစွေးနှုန်းများသိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း(MFSPEA)အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေဩဇာများကို ဖော်ပြပါစွေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက်ကားစွေးနှုန်းအဖြစ် ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်။ အဆိုပါရည်ညွှန်းစွေးနှုန်းအနက် ယူရီးယားမြေဩဇာ(အလုံးကြီး) ၅၀ ကီလိုတစ်အိတ် ၁၅၇,၆၀၀ ကျပ်**(အစား)** ၁၅၁,၆၀၀ ကျပ်ဖြင့် ၂၂-၅-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ရောင်းချပေးရန် ထပ်မံညွှန်ကြားထားရှိပါသည်။

၂။ Complex ၁၅ ပတ်လည်မြေဩဇာကို ရည်ညွှန်းစွေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါစွေးနှုန်းသည် ရန်ကုန်အထိုင်လက္ကားစွေးနှုန်း လက်ငင်းငွေချေစနစ်စွေးများဖြစ်ပါသည်။ အဆိုပါစွေးနှုန်းသည် ဒေသအလိုက်သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင်မူတည်၍ စွေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းစွေးနှုန်းနှင့်အညီရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးဆောင်ကော်မတီ ၀၆၇-၄၁၀၀၃၅

(ခ) MFSPEA အသင်း ၀၉-၉၈၈၅၃၉၆၀ ၊ ၀၉-၆၆၅၄၀၇၈၉၀

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
အမျိုးသားသွေးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားသွေးဌာနသို့ သွေးနှင့်သွေးပစ္စည်းများ ဓာတ်ခွဲစစ်ဆေးရန်လိုအပ်သည့် သွေးလှူဘဏ်သုံး ဓာတ်ခွဲဆေးပစ္စည်းများ၊ သံဓာတ်အားဆေးနှင့် သွေးအိတ်များတွင်အသုံးပြုသော Label နှင့် Ribbon များဝယ်ယူရန် မြန်မာနိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၆-၅-၂၀၂၆ ရက်(အင်္ဂါနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၈-၆-၂၀၂၆ ရက်(တနင်္လာနေ့) (၁၆:၀၀)နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်အချက်အလက်များသိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့(၀၁၈-၃၇၂၇၃၃)သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ပျောက်ဆုံးကြောင်း

နေဇာဝင်း(ဘ)ဦးခင်မောင်အေး ၁၂/လမန(နိုင်)၁၂၁၄၃၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 041580)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ခိုင်ဇာထွန်း(ဘ)ဦးမြင့်သန်း ၁၂/ဥကမ(နိုင်)၂၁၀၂၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၅၃၃၁၁

ပျောက်ဆုံးကြောင်း

အောင်ကျော်ဌေး(ဘ)ဦးအောင်နိုင် ၁၂/လကန(နိုင်)၂၆၂၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပညာဘဏ်တိုက်
စာကြည့်တိုက်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
ရေနှင့်သန့်ရှင်းမှုဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
(၅/၂၀၂၆-၂၀၂၇)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွင်း ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းရှိ မြောက်ပိုင်းအိမ်ရာနှင့် ရတနာပုံတယ်လီပို့အဆောက်အဦများ အပိုင်း(၁)နှင့် အပိုင်း(၂)တို့တွင် ရေရရှိအသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်ပြီး ရေလှောင်ကန်၊ ရေတွန်းစက်နှင့် ရေပိုက်လိုင်းများပြင်ဆင်တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် အောက်ဖော်ပြပါပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါခေါ်ယူ၍ဆောင်ရွက်မည့်လုပ်ငန်းများအမည်-
- (၁) ရတနာပုံ Teleport မှ IC ဌာနသို့ 4" & 2" PVC ပိုက်တို့ဖြင့် ရေပို့ပိုက်လိုင်းဆက်သွယ်ချထားမှုအား ပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်း(Lot-1)
- (၂) ရတနာပုံမြို့သစ် စီမံကိန်း ရေပေးရေးစနစ်အတွင်းရှိ Modular Type Treatment Unit အသစ်(၂)စုံ တပ်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်း(Lot-2)
- (၃) ရတနာပုံမြို့သစ်မြောက်ပိုင်း လျှပ်စစ်ဓာတ်အားရရှိရေး 500 KVA Transformer အသစ်လဲလှယ်တပ်ဆင်ခြင်းနှင့် ဆက်စပ် လုပ်ငန်းများဆောင်ရွက်ခြင်း(Lot-3)
- (၄) ရတနာပုံ မြို့သစ်မြောက်ပိုင်း ဂါလန်(၅၀၀၀၀၀)ဆံ့ ရေပေးရေး ဝင်းအတွင်း ကနဦး အနည်ကျကန်ရေလုံစေရန်ဆောင်ရွက် ခြင်း(Lot-4)
- (၅) 225 mm Ø HDPE Pipe များဝယ်ယူခြင်း(Lot-5)
- (၆) 160 mm Ø HDPE Pipe များဝယ်ယူခြင်း(Lot-6)
- (၇) 8",6",4",2" Ø PVC Pipe များဝယ်ယူခြင်း(Lot-7)
- (၈) Silica Sand များဝယ်ယူခြင်း(Lot-8)

(ခ) တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁)ရက်

(ဂ) တင်ဒါပုံစံ အရောင်းပိတ်မည့်နေ့ - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၈)ရက်

(ဃ) တင်ဒါအချက်အလက် ရှင်းလင်းမည့်နေ့ - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၈)ရက်

(င) တင်ဒါအာမခံကြေး(၁%) ပေးသွင်းခြင်း - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၈)ရက်
- ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၁)ရက်

(စ) တင်ဒါပုံစံလက်ခံခြင်း - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၉)ရက်

(ဆ) တင်ဒါပုံစံလက်ခံ စာရင်းပိတ်ခြင်း - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၁)ရက်

(ဇ) တင်ဒါဖွင့်မည့်နေ့ - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၂)ရက်

(ဈ) တင်ဒါတင်သွင်းရမည့်နေရာ - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ည) တင်ဒါလျှောက်လွှာဈေးနှုန်း - Lot 1,3,4,6,7,8 တစ်စောင်လျှင် ၁၀,၀၀၀/-နှုန်း
Lot 2,5 တစ်စောင်လျှင် ၃၀,၀၀၀/-နှုန်း

၂။ တင်ဒါပုံစံများအား (၁-၆-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့ လာရောက်၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန (ဖုန်း-၀၉-၂၂၅၅၆၇၅)သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရေနှင့်သန့်ရှင်းမှုဌာန

ပြောက်ဆုံးကြောင်း

ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက် နေ မောင်ခန့်စည်သူအောင်(ဘ) ဦးကျော်ကျော်၇/ညလပ(နိုင်)၂၅၁၂၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၆၅၇၇၅၆

ပြောက်ဆုံးကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ သရက်တောရွာနေ အိအိဖြူ(ဘ)ဦးလှအေး ၉/ကပတ(နိုင်)၃၀၀၇၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၂၀၃၂၃၁၉

ပြောက်ဆုံးကြောင်း

အောင်သန့်ဇင်(ဘ)ဦးအင်ထူး(ခ)ဦးစိုးတင့် ၆/မမန(နိုင်)၁၂၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၃၆၈၈၆၆၆

ပြောက်ဆုံးကြောင်း

ကျော်ကျော်ထွေး(ဘ)ဦးအုတ်ကျော် ၁၂/သဃက(နိုင်)၀၃၇၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၃၀၇၀၂၉၂

ပြောက်ဆုံးကြောင်း

ငွေနိုင်စိုး(ဘ)ဦးသိန်းဝင်း ၉/တသန(နိုင်) ၂၆၈၄၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပြောက်ဆုံးကြောင်း

အေးငြိမ်းသူ(ဘ)ဦးသန်းညွှန့် ၁၄/ကပန (နိုင်)၂၇၃၇၇၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပြောက်ဆုံးကြောင်း

ပိုင်မျိုးဝင်း(ဘ)ဦးလှသောင်း ၁၂/တတန (နိုင်)၂၅၀၉၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 223364)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

ပြောက်ဆုံးကြောင်း

ဝေယံဇော်(ဘ)ဦးဝင်းကြည် ၁၂/ခရန(နိုင်) ၁၃၅၉၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 504707)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

ပြောက်ဆုံးကြောင်း

ဇင်မျိုးဦး(ဘ)ဦးကျော်ခိုင် ၉/တကန(နိုင်) ၂၄၁၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၄၂၄၁၀၅

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟိုရုပကန(ကြို့ကုန်း)၊ တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း(အောင်ဆန်း)နှင့် လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ (အလုံ) ရုံးဌာန(၃)နေရာတို့တွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် လုံခြုံရေးကုမ္ပဏီဌာန်းရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် - Tender.5.Security(2nd)(2026-2027)
တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၅-၅-၂၀၂၆ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၈-၆-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၀၈၈၅/၀၆၇-၃၄၃၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်း/လုပ်ငန်းအမျိုးအမည်
၁	၄၆/မမ/CE	**ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း** ရန်ကုန်မြို့ပတ်ရထားလမ်းတွင် အုတ်ခြံစည်းရိုးကာရံခြင်း(၃၂၀၈-ပေ)Lot(1)
၂	၄၇/မမ/CE	ရန်ကုန်မြို့ပတ်ရထားလမ်းတွင် အုတ်ခြံစည်းရိုးကာရံခြင်း(၃၂၃၉-ပေ)Lot(2)
၃	၄၈/မမ/CE	ရန်ကုန်မြို့ပတ်ရထားလမ်းတွင် အုတ်ခြံစည်းရိုးကာရံခြင်း(၁၈၉၂-ပေ)Lot(3)
၄	၄၉/မမ/CE	ရန်ကုန်မြို့ပတ်ရထားလမ်းတွင် အုတ်ခြံစည်းရိုးကာရံခြင်း(၃၆၆၁-ပေ)Lot(4)
၅	၅၀/မမ/CE	**တိုင်းအမှတ်(၅)တောင်ငူ** တောင်ငူဘူတာနှင့် ရေနီဘူတာကြားရှိ တံတားအမှတ်(၂၇၈)(၃၀၆)(၃၁၉)(၃၂၅)(၃၃၅)(၃၃၀)တို့တွင် ရထားလမ်းတာပေါင်မြေနှင့် လမ်းခင်းကျောက်များလျှောကျမှုမရှိစေရန် Retaining Wall တည်ဆောက်ခြင်း (၁၄၀၀-ပေ)
၆	၅၁/မမ/CE	**တိုင်းအမှတ်(၁၁)၊ ပုဂံ** ပြည်-ပုဂံလမ်းပိုင်း၊ ပြလို့-ထောက်ကြွံတိုင်ကြားရှိ(မအူခုံတောင်ကြား)မိုင် ၁၈၅/၁၈-၂၀ နှင့် မိုင် ၁၈၆/၁၁-၁၄ ကြားနှင့် မိုင် (၁၈၅/၁၈)မှ (၁၈၆/၁၄)ကြားတို့တွင် RC Side Drain အား (၁-ပေ)မြှင့်၍ အုတ်စီခြင်း(၇၇၅၀-ပေ) လုပ်ငန်း
၇	၅၂/မမ/CE	**တိုင်းအမှတ်(၈)၊ မော်လမြိုင်** နှင်းပုလဲ-ခဲဝန်းကြား၊ မိုင်တိုင် ၁၁၇/၂၃-၂၄ နှင့် မိုင်တိုင် ၁၁၉/၈-၉ တို့တွင် (2x20'-0")Span တံတားများ တည်ဆောက်ခြင်း(ယာယီအစီအစဉ် ဘေလီ၊ သံလမ်းပိုင်ရိုက်ခြင်းတည်ဆောက်ခြင်းအပါအဝင်)
၈	၅၃/မမ/CE	(1x1 1/2")အရွယ်(စက်ခွဲ)လမ်းခင်းကျောက်(၂၅၂၈၉)ကျင်းနှင့် ကျောက်မှုန့်(၄၀၀)ကျင်းအား အောက်ပါ(ဘူတာ/ကျောက်စုပုံကွင်း/လုပ်ငန်းခွင်)အရောက်ဝယ်ယူရန် (1x1 1/2")ကျောက်(ဘုရားငါးဆူ=၇၀၀ ကျင်း၊ ထီဖောင်းအလယ်ရွာ=၂၅၀ ကျင်း၊ ရေနီ=၃၀၈၀၀ ကျင်း၊ ကျေးတောအ=၁၆၉၂ ကျင်း၊ ဇင်းကျိုက်=၅၀၀ကျင်း၊ မုပွလင်=၆၂၃၇ ကျင်း၊ ပုသိမ်=၃၀၀၀ ကျင်း၊ အင်တောကျယ်=၃၂၅ ကျင်း၊ ညောင်လွန်=၁၉၇၅ ကျင်း၊ တောင်ငူဖြို့ရှောင်=၇၅၀၀ ကျင်း(ကျောက်မှုန့်)=၄၀၀ ကျင်း)
၉	၅၄/မမ/CE	(1x1 1/2")အရွယ်(စက်ခွဲ)လမ်းခင်းကျောက်(၂၂၁၁၀)ကျင်းနှင့် (6"x9")ကျောက်ကြီး(၅၀၀)ကျင်းအား အောက်ပါ(ဘူတာ/ကျောက်စုပုံကွင်း)အရောက်ဝယ်ယူရန် (1x1 1/2")ကျောက်(နန်းကွေ=၁၇၂၀ ကျင်း၊ ထုံးဖို=၉၇၁၀ ကျင်း၊ မုပွလင်=၂၀၀၀ ကျင်း၊ ဇင်းကျိုက်=၁၂၈၀ ကျင်း၊ သဲဖြူကုန်း=၁၃၅၀ ကျင်း၊ ရွှေတံခါး=၄၈၇၅ ကျင်း၊ အင်တောကျယ်=၁၁၇၅ ကျင်း၊ (6"x9")ကျောက်ကြီး (ဇင်းကျိုက်=၅၀၀ ကျင်း)

တင်ဒါပိတ်မည့်နေ့/အချိန် - (၈-၆-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၅-၅-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း 294352, 291994

ပြောက်ဆုံးကြောင်း

လွဲ့ဝင်း(ဘ)ဦးကုလား ၉/ရမသ(နိုင်) ၁၁၅၇၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၆၆၈၈၆၉၆





စာပေမြင့်မှ
လူမျိုးတင့်မည်

STARMART အရောင်းဆိုင်များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

STARMART nine mile Showroom	KHA YAE PIN MART	STARMART Mandalay Wholesale	STARMART Nay Pyi Taw
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀	မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၄၅၅	၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄	ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့မှ
ထုတ်လုပ်သော **ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား



ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၂ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀



စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။



ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd

ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အဓေးခန်းစက်ရုံ)



အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ



လိုင်းတွန်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ



ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ဒုတိယသမ္မတဦးညီစော (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးညီစော (၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်းအခမ်းအနားတွင်အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၄

၂၀၂၆ ခုနှစ် (၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဥယျာဉ်တော်အတွင်း ရေပန်းရင်ပြင်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညီစော တက်ရောက်အမှာစကားပြောကြားပြီး စုပေါင်းပါဝင်လေ့ကျင့်ခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၅ ကော်လံ ၁ ◆

ချင်းသောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သော ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့တို့၌ ပြန်လည်ထူထောင်ရေးဆောင်ရွက်၊ လိုအပ်သောတည်ဆောက်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်



နေပြည်တော် မေ ၂၄

တပ်မတော်က အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သည့် ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့တို့၌ ချင်းသောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍအလိုက် တာဝန်ရှိသူများစုဖွဲ့၍ နယ်မြေဒေသများအရောက်သွားရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကြိုးပမ်း

စာမျက်နှာ ၁၅ ကော်လံ ၁ ▲

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၄

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/၈လ)

သဘာဝဘေးလျော့ပါးရေးအတွက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဆောင်ရွက်ချက်များ

ဆောင်းပါး စာ - ၁၃ သို့

အွန်လိုင်းလိမ်လည်မှု(Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသား ၂၇ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

စာ - ၂၉ သို့

